http://myanmarebooksfree.blogspot.com/




https://www.facebook.com/pages/မြန်မာ-စာအုပ်များ/532587203419984

http://myanmarebooksfree.blogspot.com/

အကြောင်းကြောင်းကြောင့် 'ယုန်နှစ်မှာ ယုန်သားစားခြင်း' အမည်ရ ဒီစာအုပ်ကလေးဟာ ခုလို ယုန်နှစ်ကုန်ခါနီးမှ စာဖတ်ပရိတ်သတ်လက်ထဲရောက်လာတဲ့အတွက် ဆရာလူထုစိန်ဝင်းကိုရော ဆရာ့ရဲ့စာဖတ်ပရိသတ်ကိုပါ တောင်းပန်လိုက်ပါတယ်။ သို့သော်လည်း ဒီစာအုပ်ထဲမှာ ဆရာ့ရဲ့ စာနယ်ဇင်းနဲ့ ပတ်သတ်တာလေးတွေအပါအဝင် အခြားဗဟုသုတဆိုင်ရာဆောင်းပါးအများအပြား ပါဝင်တဲ့အတွက် အခြားဒီလိုစာအုပ်စီးရီးလေးတွေလိုပဲ ဆရာ့ရဲ့စာဖတ်ပရိသတ်တွေ ကျေနပ်ကြလိမ့်မယ်လို့ ယုံကြည်မျှော်လင့်မိပါတယ်။ အဲဒီအတွက် စာမူတွေ အသုံးပြုခွင့်ပေးတဲ့ ဆရာ လူထုစိန်ဝင်းနဲ့ ဆရာ့ရဲ့ ဆောင်းပါးတွေကို မူလထည့်သွင်း ဖော်ပြခဲ့တဲ့ မဂ္ဂဇင်း ဂျာနယ်များနဲ့ စာဖတ်ပရိတ်တွေကို ကျေးဇူးအထူး တင်ပါတယ်။

လေးစားစွာဖြင့်

မိုးဝေ

နှစ်ကာလများ စာပေ

https://www.facebook.com/pages/မြန်မာ-စာအုပ်များ/532587203419984

http://myanmarebooksfree.blogspot.com/

နှစ်ကာလများ
စာအုပ်အစီအစဉ် ၃၂

# ယုန်နှစ်မှာ ယုန်သားစားခြင်း

## လူထုစိန်ဝင်း

နှစ်ကာလများ
အမှတ်-၁၀၄၊ အပေါ်ဆုံးထပ်(က)
ဆောင်ဆေယျလမ်း၊၊ အလုံမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၀၉-၇၃၀၂၇၆၆၉

https://www.facebook.com/pages/မြန်မာ-စာအုပ်များ/532587203419984

http://myanmarebooksfree.blogspot.com/

## ပုံနှိပ်မှတ်တမ်း

လှထူစိန်ဝင်း

ယုန်နှစ်မှာ ယုန်သားစားခြင်း

ပထမအကြိမ်၊ ၊ ဇန်နဝါရီ၊ ၂၀၁၂

**<u>တန်ဖိုး- ၅၀၀ ကျပ်</u>**

**အုပ်ရေ**

၅၀၀

ဖြန့်ချိရေး

**နှစ်ကာလများ စာပေ**

၁၀၄-အပေါ်ဆုံးထပ်၊ အောင်ဗေယျလမ်း

အလုံမြို့နယ်၊ ရန်ကုန်မြို့။

*e-mail: theeras2001@gmail.com*

**ထုတ်ဝေသူ-** ဒေါ်သင်းသင်းမွန်(သင်းစာပေ) အမှတ်(၁၀)၊ ရတနာမြိုင်လမ်း၊ (၁၂) ရပ်ကွက်၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။ **အတွင်းနှင့် အဖုံးပုံနှိပ်-** ဦးဇော်မြင့်ဝင်း၊ ကာလာစုန် ပုံနှိပ်တိုက်၊ ၁၀၄/ဘီ၊ ၃၁ လမ်း၊ ပန်းပဲတန်းမြို့နယ်၊ ရန်ကုန်မြို့။ **စာမူခွင့်ပြုချက်အမှတ်-၄၀၀၈၀၆၀၆၁၁။ မျက်နှာဖုံးခွင့်ပြုချက်အမှတ်-** ၄၀၁၂၂၈၁၀၁၁။

**အတွင်းဖလင်** – ပုံရိပ်ရှင်

**ကွန်ပျူတာစာစီ** – သရဖီ

**မျက်နှာဖုံးဒီဇိုင်း** – သည်မော်နိုင်

လှထူစိန်ဝင်း ၈၀၈.၈၄

ယုန်နှစ်မှာ ယုန်သားစားခြင်း/ လှထူစိန်ဝင်း။ – ရန်ကုန်၊

သင်းစာပေ၊ ၂၀၁၂။

၇၆–စာ၊ ၁၃x၂၁ စင်တီ။

(၁) ယုန်နှစ်မှာ ယုန်သားစားခြင်း

https://www.facebook.com/pages/မြန်မာ-စာအုပ်များ/532587203419984

http://myanmarebooksfree.blogspot.com/

# မာတိကာ

၁ ဓာတ်ပုံနဲ့ မှုပိုင်ခွင့် ၇
၂ သာသနာ့ပြုလုပ်ငန်းနဲ့ တူတဲ့အလုပ် ၁၁
၃ စည်းရုံးရေးဆိုတာ နားလည်ဖို့လိုတယ် ၁၅
၄ ကိုလိုနီလက်သစ် ဆိုသည်မှာ ၁၉
၅ အတွေ့အကြုံလား အရည်အချင်းလား ၂၄
၆ များများဖတ် များများလေ့လာ များများလုပ် ၂၈
၇ ကြက်တူရွေးကတော်တော် မယ်ဘော်က ကဲ ၃၄
၈ အများကြီး ကြိုးစားကြရဦးမယ် ၃၈
၉ ယုန်နှစ်မှာ ယုန်သားစားခြင်း ၄၃
၁၀ လိုကယ်စိတ်နဲ့ ဂလိုဘယ်ခေတ် ၄၈
၁၁ နာမည်တွေနောက် မလိုက်စေချင်ဘူး ၅၂
၁၂ လူတွေအကြောင်းရေးမှ လူတွေက ဖတ်မှာပေါ့ ၅၇
၁၃ ကန့်ကွက်ခွင့်ခြင်းရှိလို့ ငြိတာပါ ၆၁
၁၄ အတ္တာဟိ အတ္တနော နတ္ထော ၆၆
၁၅ မြို့စိနဲ့ ငြိမ်ငြိမ် ၇၂

https://www.facebook.com/pages/မြန်မာ-စာအုပ်များ/532587203419984

http://myanmarebooksfree.blogspot.com/

# ဓာတ်ပုံနဲ့ မူပိုင်ခွင့်

အရင်တစ်ပတ်က ဓာတ်ပုံသတင်းထောက်နဲ့ ကျင့်ဝတ်အကြောင်း ရေးခဲ့တယ်။ ဒီတစ်ပတ်လည်း လူငယ်စာနယ်ဇင်းသမားတွေ အမေးများတဲ့ ဓာတ်ပုံကိစ္စတစ်ခု အကြောင်းပဲ ရေးပါရစေ။

## ဓာတ်ပုံကို ဘယ်သူပိုင်သလဲ

ဒီကိစ္စက လူငယ်တွေ ခဏခဏ မေးကြရုံတင်မက ခဏခဏလည်း ပြဿနာဖြစ်နေလို့ပါ။ တစ်ခါတလေ တရားတွေဘာတွေ စွဲတဲ့အထိတောင် ဖြစ်သွားတတ်ကြတယ်။ ဓာတ်ပုံကို အရိုက်ခံရသူ ကာယကံရှင်က ပိုင်သလား။ ဓာတ်ပုံဆရာက ပိုင်သလား။ အငြင်းပွားနေကြတဲ့ ကိစ္စပါ။ ဂျာနယ်တစ်စောင်၊ ဒါမှမဟုတ် မဂ္ဂဇင်းတစ်စောင်က သူတို့စာစောင်အထူးထုတ်မှာ ထည့်ချင်လို့ပါဆိုပြီး ကျွန်တော့်ဆီမှာ ဓာတ်ပုံတောင်းတယ်။ ကျွန်တော်က အလွယ်တွေ့တဲ့ ဓာတ်ပုံတစ်ပုံ ယူပေးလိုက်တယ်။ အဲဒီဓာတ်ပုံ စာစောင်ထဲမှာပါသွားတော့ ရိုက်ပေးတဲ့ ဓာတ်ပုံဆရာက သူ့ဆီက ခွင့်မတောင်းဘဲ ထည့်တယ်ဆိုပြီး တိုင်ကြားတယ်။ စာစောင်ကလည်း ကာယကံရှင်ကိုယ်တိုင်က ပေးလိုက်တာကိုထည့်တာ၊ သူတို့မှာ အပြစ်မရှိဘူးလို့ ချေပတယ်။

## ဓာတ်ပုံဆရာနဲ့ မဆိုင်

ကျွန်တော့်ဓာတ်ပုံကို ကျွန်တော် ပေးချင်တဲ့သူကို ပေးခွင့်မရှိဘူးလား။ ကျွန်တော့်ဓာတ်ပုံကို ကျွန်တော်မပိုင်ဘူးလားလို့ လူငယ်တွေက မေးလေ့ရှိတယ်။ ကျွန်တော့်ဓာတ်ပုံကို ကျွန်တော် ပိုင်ပါတယ်။ ပေးချင်တဲ့သူကို ပေးနိုင်တယ်။ ဘယ်သူကမှ ကန့်ကွက်ပိုင်ခွင့်မရှိဘူး။ တားမြစ်ပိုင်ခွင့်လည်း မရှိဘူး။ ဓာတ်ပုံရသူက သူ့အိမ်မှာ သူကြိုက်တဲ့နေရာမှာ ချိတ်ထားလို့ရတယ်။

https://www.facebook.com/pages/မြန်မာ-စာအုပ်များ/532587203419984

http://myanmarebooksfree.blogspot.com/



မရှိသေးစကား၊ အိမ်သာမှာ ကပ်ထားလည်းရတယ်။ ဓာတ်ပုံဆရာက ဘာမှပြောခွင့်၊ တားခွင့် မရှိဘူး။ သူနဲ့ ဘာမှမဆိုင်ဘူး။

ဓာတ်ပုံဆရာနဲ့သာ ဆိုင်

ဒါပေမယ့် ကျွန်တော်ပေးလိုက်တဲ့ဓာတ်ပုံ ရရှိသွားသူက ဈေးကွက်တင်ရောင်းချတဲ့ ဂျာနယ်၊ မဂ္ဂဇင်းတစ်စောင်ကို ပေးလိုက်လို့ အဲဒီစာစောင်က ထည့်သွင်းပုံနှိပ် ဖော်ပြလိုက်တယ်ဆိုရင်တော့ ပြဿနာ ရှိသွားပါတယ်။ ပေးလိုက်တဲ့သူက စေတနာသက်သက် ပေးလိုက်တာ မှန်ပေမယ့် ပြဿနာကတော့ ရှိပါတယ်။ မူလ ရိုက်ကူးခဲ့တဲ့ ဓာတ်ပုံဆရာက ကန့်ကွက်ပိုင်ခွင့်ရှိပါတယ်။ ဓာတ်ပုံထည့်သွင်းတဲ့ စာစောင်ဆီက ထိုက်သင့်တဲ့ ဉာဏ်ပူဇော်ခ ရပိုင်ခွင့်၊ တောင်းဆိုခွင့် ရှိပါတယ်။

ဓာတ်ပုံက ကျွန်တော့်ဓာတ်ပုံဖြစ်လို့ ကျွန်တော်က ကာယကံရှင် ဖြစ်တယ်။ ဒါပေမယ့် အဲဒီဓာတ်ပုံရိုက်သူက ကျွန်တော်မဟုတ်တဲ့အတွက် ဓာတ်ပုံအတွက် ဉာဏ်ပူဇော်ခကိုတော့ ဓာတ်ပုံဆရာကသာ ခံစားရယူခွင့် ရှိပါတယ်။ ဘာကြောင့်လဲဆိုတော့ အဲဒီဓာတ်ပုံရိုက်ကူးသူ ပညာရှင်ကသာ ဓာတ်ပုံရဲ့ မူပိုင်ရှင် ဖြစ်လို့ပါ။ ကျွန်တော်က ကာယကံရှင် ဖြစ်ပေမယ့် မူပိုင်ရှင်တော့ မဟုတ်ပါဘူး။

အသိအမှတ်ပြုပေးလိုက်ရင်

ကျွန်တော့်ဓာတ်ပုံကိုဖော်ပြတဲ့ စာစောင်က မူပိုင်ခွင့် သဘောတရားကို နားလည်တာကြောင့် ဓာတ်ပုံရိုက်ကူးသူဟာ မည်သူမည်ဝါ ဖြစ်ပါတယ်လို့ အသိအမှတ်ပြု(credit) စာကြောင်းလေး ထည့်ပေးလိုက်မယ်ဆိုရင်တော့ မြန်မာလူမျိုး ဓာတ်ပုံဆရာက ကျေနပ်ပြီး ပြဿနာလုပ်မှာ မဟုတ်ပါဘူး။ နိုင်ငံခြားသား ဓာတ်ပုံဆရာဆိုရင်တော့ သူရိုက်တဲ့ပုံကိုသုံးရင် သူ့ကို ဉာဏ်ပူဇော်ခ ပေးရမယ်လို့ သဘောထားမှာ သေချာပါတယ်။ နိုင်ငံတကာ ကျင့်သုံးတဲ့ မူပိုင်ခွင့်ဥပဒေများအရလည်း သူ ရပိုင်၊ တောင်းပိုင်ခွင့်ရှိပါတယ်။

ဓာတ်ပုံကို ဆီးထုပ်မှာ သုံးနိုင်သလား

ကျွန်တော့်ဓာတ်ပုံကို ဓာတ်ပုံဆရာရဲ့ ခွင့်ပြုချက်မရဘဲ မသုံးရဘူး

https://www.facebook.com/pages/မြန်မာ-စာအုပ်များ/532587203419984

http://myanmarebooksfree.blogspot.com/



ဆိုတာတော့ ဟုတ်ပြီ။ ကျွန်တော့် ခွင့်ပြုချက်မရဘဲ ဓာတ်ပုံဆရာက ကျွန်တော့်ဓာတ်ပုံကို သူ သုံးချင်တဲ့နေရမှာ သုံးချင်သလို သုံးနေရင်ရော ကျွန်တော့်မှာ ပြောပိုင်ဆိုပိုင်ခွင့်၊ ကန့်သတ်ပိုင်ခွင့် မရှိတော့ဘူးလား။ ဓာတ်ပုံဆရာက မူပိုင်ခွင့်ရှိသူလို့ ဆိုထားတာကို။ မူပိုင်ခွင့်ဆိုတာက ထင်ရာလုပ်ခွင့် လိုင်စင်ရထားတာ မဟုတ်ပါဘူး။ နေရာတိုင်းမှာ စည်းကမ်းကျင့်ဝတ်ဆိုတာ ရှိပါတယ်။ စည်းကမ်းကျင့်ဝတ်နဲ့အညီ လုပ်ပိုင်ခွင့်ရှိခြင်းသာ ဖြစ်ပါတယ်။ ဓာတ်ပုံဆရာက ကျွန်တော့်ဓာတ်ပုံနဲ့ ဆီးထုပ်လုပ် ရောင်းချရင်တော့ ကျွန်တော့်ဆီ ခွင့်ပြုချက် အရင်တောင်း ရပါမယ်။ ခွင့်ပြုချက်မတောင်းဘဲ သုံးရင် ကျွန်တော်က ကန့်ကွက်နိုင်တယ်။ တရားစွဲနိုင်တယ်။ နစ်နာကြေး တောင်းယူနိုင်ပါတယ်။

## မော်ဒယ်လုပ်ခ တောင်းနိုင်

ဓာတ်ပုံဆရာက ကျွန်တော့်ဓာတ်ပုံကို စီးပွားရေးအတွက်မဟုတ်ဘဲ အနုပညာကိစ္စအတွက် ပြပွဲမှာ ပြသတာမျိုးကိုတော့ လွတ်လပ်စွာ လုပ်ပိုင်ခွင့် ရှိပါတယ်။ ဒါပေမယ့် အဲဒီဓာတ်ပုံကို ဈေးနှုန်းသတ်မှတ်ပြီး ရောင်းချခဲ့တယ်ဆိုရင်တော့ ကာယကံရှင်ဖြစ်တဲ့ ကျွန်တော့်အနေနဲ့ ခံစားခွင့် ခွဲပေးဖို့ တောင်းလိုက တောင်းပိုင်ခွင့်ရှိပါတယ်။ ဘာကြောင့်လဲ ဆိုတော့ ဓာတ်ပုံဆရာတို့၊ ပန်းချီဆရာတို့ စံပြလုပ်ပေးဖို့ မော်ဒယ် ငှားရမ်းတဲ့အခါ မော်ဒယ်ငှားခ ပေးကြရပါတယ်။ ကျွန်တော်ကလည်း မော်ဒယ်လို ဓာတ်ပုံအရိုက်ခံခဲ့ရတာ ဖြစ်တဲ့အတွက် တောင်းပိုင်ခွင့်ရှိတယ်လို့ ဆိုခဲ့တာဖြစ်တယ်။ မြန်မာပြည်မှာ ဒီလိုကိစ္စမျိုး ဖြစ်ခဲ့ပါတယ်။ ဘာကြောင့်လဲဆိုတော့ မေတ္တာ၊ စေတနာကို အဓိကထားတဲ့ မြန်မာတို့ရဲ့ စရိုက်ကြောင့်နဲ့ ဉာဏ်ပူဇော်ခ ဆိုတာကလည်း မက်မောလောက်တဲ့ ပမာဏ မဟုတ်တာ ကြောင့်ပါ။

## မက်လောက်စရာဖြစ်ရင်

တစ်ချိန်ချိန်မှာ ဉာဏ်ပူဇော်ခက မက်လောက်စရာ ပမာဏ ဖြစ်လာရင် အငြင်းပွားစရာ ဖြစ်ကောင်းဖြစ်လာ နိုင်ပါတယ်။ ဒါကြောင့် ရှင်းရှင်း လင်းလင်းသိထားဖို့ လိုတယ်။ ဓာတ်ပုံဆရာက မူပိုင်ခွင့်ရှိတာ မှန်ပေမယ့်

https://www.facebook.com/pages/မြန်မာ-စာအုပ်များ/532587203419984

http://myanmarebooksfree.blogspot.com/



မာတ်ပုံကို ဉာဏ်ပူဇော်ခယူပြီး တစ်နည်းနည်းနဲ့ အသုံးချမယ် ဆိုရင်တော့ ကာယကံရှင်ဖြစ်သူကို ယဉ်ကျေးမှုအရ အသိပေး ခွင့်တောင်း ခံရပါမယ်။ ကာယကံရှင်က သဘောမတူရင် အသုံးချခွင့် မရှိပါဘူး။ တကယ်လို့ သဘောမတူကြောင်း ပြောထားပါလျက်နဲ့ အသုံးချတယ်ဆိုရင် ကာယကံရှင်က ကန့်ကွက်ပိုင်ခွင့် ရှိသလို တရားဥပဒေအရ တားမြစ်ပိုင်ခွင့်လည်း ရှိတယ်။

ရှင်းအောင်လို့

ဒီအချက်တွေကို သိမထားကြတဲ့အတွက် မကြာခဏ အငြင်းပွား နေကြရတာ ဖြစ်တယ်။ သိထားလျက်နဲ့ ခပ်ပေါ့ပေါ့ သဘောထားပြီး ယူသုံးတတ်သူတချို့လည်း ရှိတယ်။ တရားတဘောင်ဖြစ်ကြတော့ နစ်ပက်စလုံး မကောင်းဘူး။ ဒါကြောင့် ရှင်းအောင် ရေးလိုက်ရခြင်း ဖြစ်ပါတယ်။

*TRUE NEWS* အတွဲ ၃၊ အမှတ် ၂၃

၁၊ ဖေဖော်ဝါရီ၊ ၂၀၁၁။

https://www.facebook.com/pages/မြန်မာ-စာအုပ်များ/532587203419984

http://myanmarebooksfree.blogspot.com/

# သာသနာပြုလုပ်ငန်းနဲ့တူတဲ့ အလုပ်

ဂျာနယ်တိုက်ပေါင်းစုံက လူငယ်၊ လုံမငယ်လေးတွေ နေ့စဉ်နဲ့အမျှ ဝင်ထွက်ပြီး ရောက်တတ်ရာရာ ပြောလေ့မေးလေ့ ရှိကြတယ်။ အများအားဖြင့် စာနယ်ဇင်းကျင့်ဝတ် သိက္ခာအပိုင်းကို လေးထားပြီး မေးကြမြန်းကြတယ်။

## အရိုးခံသက်သက်

လူငယ်လေးတွေဆိုပြီး ခပ်ပေါ့ပေါ့နေမယ် မထင်နဲ့။ ဒီခေတ်လူငယ်တွေက မလုပ်ရင်သာနေမယ်။ လုပ်ပြီဆိုရင်တော့ စိတ်ရောကိုယ်ပါ နှစ်ပြီး လုပ်ကြတာ။ ပေါ့ပ်ဂျာနယ်ပဲဆိုပြီး ပေါ့ပြက်ပြက်မထင်နဲ့။ သူက စာနယ်ဇင်း သီလတို့ သိက္ခာတို့မှာ ပိုပြီး စိတ်ဝင်စားလေ့လာသူ ဖြစ်တယ်။ ပရိုဂျာနယ်မှာ အလုပ်လုပ်နေလို့လည်း အထင်မသေးနဲ့။ သူ့တိုက်က အယ်ဒီတာတွေနဲ့ ပြဒါးတစ်လမ်း သံတစ်လမ်း ဖြစ်ချင်ဖြစ်နေတတ်တယ်။ လူငယ်လေးတွေဟာ အင်မတန် ချစ်စရာကောင်းတယ်။ နေ့တိုင်းထိတွေ့နေရတော့ သူတို့အကြောင်း ကောင်းကောင်းသိတယ်။ စာနယ်ဇင်းအလုပ်ကို ရိုးသားဖြူစင်စွာနဲ့ လုပ်ကိုင်နေကြတာ ဖြစ်တယ်။ မတော်လောဘစိတ်မျိုး လုံးလုံးမရှိကြဘူး။ တကယ်ကို အရိုးခံသက်သက်ကလေးတွေ။

## ပွဲတက် လက်ဆောင်ယူတဲ့ကိစ္စ

ဒါဆိုရင် ဘာကြောင့် လက်ဆောင်ကို လက်ရှောင်ဆိုတဲ့ ဆောင်းပါးမျိုးတွေ မကြာမကြာရေးပြီး သတိပေးနေရတာလဲလို့ မေးစရာရှိတယ်။ မှန်ပါတယ်။ ပွဲတက်လက်ဆောင်ယူပြီး ရောယိမ်းလိုက် ဘသားယိမ်းလိုက်

https://www.facebook.com/pages/မြန်မာ-စာအုပ်များ/532587203419984

http://myanmarebooksfree.blogspot.com/



လုပ်နေသူတွေ ရှိနေရုံမက ဒီလိုပွဲတက်လက်ဆောင်ယူတာကိုပဲ ရှက်စရာအလုပ်လို့မမြင်ဘဲ ရသင့်ရထိုက်လို့ ယူတာလို့ သဘောထားနေသူတွေ ရှိနေသေးလို့ ရေးနေရတာပဲ ဖြစ်ပါတယ်။ ဝါးလုံးရှည်နဲ့ သိမ်းရိုက်သလို ဖြစ်ရတာတော့ စိတ်မကောင်းဘူး။ ငါးခုံးမတစ်ကောင်ကြောင့် တစ်လှေလုံးပုပ်တတ်တာကြောင့် ရေးရ ပြောရတာပါ။

## ဓါရင့် သမ္မာရင့်ကြီးတွေ

အားနာနာနဲ့ပြောရရင် ပွဲတက်လက်ဆောင်ယူတဲ့ဘဝမှာ သာယာနေသူများဟာ ဂျာနယ်လောကထဲကို ဝင်ရောက်လာစ လူငယ်၊ လုံမငယ်လေးတွေ မဟုတ်ဘဲ အသက်လေးဆယ်ကျော် ငါးဆယ်တန်း ဓါရင့် သမ္မာရင့် ဂျာနယ်လစ်ကြီးတွေ အမည်ခံကြတဲ့ လူကြီးပိုင်းတွေချည်းပါပဲ။ လူငယ်တွေက ညော်ခံပွဲတွေ၊ ဖွင့်ပွဲတွေ၊ ဖိတ်စာတွေကို နည်းနည်းမှ စိတ်ဝင်စားကြတာ မဟုတ်ပါဘူး။ သတင်းသမား သွားသင့်သွားထိုက်၊ ရောက်သင့်ရောက်ထိုက်တဲ့ နေရာမျိုးဆိုရင်တော့ ရှေ့ဆုံးကရောက်တာ လူငယ်တွေချည်းပဲ။ ပွဲတကာ လည်တက်တဲ့ လူကြီးတွေ၊ လူလတ်တွေကတော့ လက်ဆောင်မရတဲ့ပွဲမျိုး ဘယ်တော့မှမသွားဘူး။ လက်ဆောင် ရရင်ရ လက်ဆောင်မရရင် နေရာရမှ သူတို့က သွားတတ်ကြတာ။

## နှန်းစံမတူကြ

သီလ၊ သိက္ခာနဲ့ ကျင့်ဝတ်ကို လူငယ်တွေက အလေးထား မေးမြန်းကြလွန်းလို့ မကြာခဏ ရေးပြ၊ ပြောပြရတယ်။ စုစည်းပြီး 'စာနယ်ဇင်းကျင့်ဝတ်'ဆိုတဲ့ စာအုပ်တောင် ဖြစ်သွားပါသေးတယ်။ အဲဒီစာတွေ မဖတ်ဖူးတဲ့ မျက်နှာသစ်လူငယ်လေးတွေ ရောက်လာပြီး မေးကြတော့လည်း ထပ်ပြောရပြန်တယ်။ အများအားဖြင့်တော့ ကိုယ်ငယ်ငယ်က လူကြီးသူမ ဆရာသမားတွေ သွန်သင်ဆုံးမခဲ့တာတွေကို ပြန်ပြောဖြစ်ပါတယ်။ နိုင်ငံတကာက စာနယ်ဇင်းကျင့်ဝတ်တွေအကြောင်းလည်း တစ်ခါတလေ ပြောဖြစ်ပေမယ့် ကိုယ့်ဆရာသမားများရဲ့ အဆုံးအမတွေကို ပြန်ပြောဖြစ်တာကများပါတယ်။ ဘာကြောင့်လဲဆိုတော့ ကျင့်ဝတ်တို့ သီလတို့ ဆိုတာ လူမျိုးတစ်မျိုးနဲ့တစ်မျိုး၊ နှန်းစံချင်းမတူကြလို့ ဖြစ်တယ်။

https://www.facebook.com/pages/မြန်မာ-စာအုပ်များ/532587203419984

http://myanmarebooksfree.blogspot.com/



ကျွန်တော်တို့ငယ်စဉ်က ကျေးဇူးရှင် ဆရာများဖြစ်ကြတဲ့ ဦးလေး လူထုဦးလှနဲ့ ဒေါ်ဒေါ်လူထုဒေါ်အမာတို့ အလျဉ်းသင့်တဲ့အခါတိုင်း ပြောဆိုဆုံးမခဲ့တာများကို ပြန်စဉ်းစားလို့ရသလောက် နံပါတ်စဉ်ထိုးပြီး ရေးပြလိုက်ပါတယ်။ လူငယ်တွေ လေ့လာနိုင်အောင်လို့ပါ။ လူထုရဲ့ တိုက်တွင်း ကျင့်ဝတ်နှုန်းစံများသာ ဖြစ်တယ်လို့ မှတ်ယူပါ။

ကျင့်ဝတ်များ

(၁) မှန်တဲ့သတင်း ဖြစ်ပေမယ့် ဘယ်သူ့အတွက်မှ အကျိုးမဖြစ်စေဘဲ လူပုဂ္ဂိုလ်တစ်ဦးတစ်ယောက်ရဲ့ ဂုဏ်သိက္ခာကို ထိခိုက်ညှိုးနွမ်း ရုံသက်သက်သာ ဖြစ်စေတဲ့ သတင်းမျိုး မရေးနဲ့။

(၂) မမှန်တာကို မမှန်မှန်းသိလျက်နဲ့ ရေးသားဖော်ပြခြင်း မပြုနဲ့။

(၃) ကိုယ်ရေးတဲ့သတင်း မှားသွားရင် သိသိချင်း အမှားပြင်ဆင်ချက်ကို သိသာထင်ရှားတဲ့နေရာမှာ ထည့်ပေးရမယ်။ စာဖတ်ပရိသတ်နဲ့ ထိခိုက်နစ်နာဖွယ်ရှိသူ မှန်သမျှကို တောင်းပန်ရမယ်။

(၄) စီးပွားရေးသမားများရဲ့ ကြော်ငြာကို သတင်းအဖြစ်ရေးတာ၊ ဆောင်းပါးအဖြစ်ရေးတာမျိုး မလုပ်နဲ့။

(၅) ဘယ် သံရုံးညည်ခံပွဲမှ မတက်နဲ့။ သံရုံးတွေက ပေးတဲ့ ဘာလက်ဆောင်မှ လက်မခံနဲ့။ သတင်းစာရှင်းလင်းပွဲ လုပ်တဲ့ကိစ္စက လွဲရင် ဘယ်သံရုံးကိုမှ ဝင်ထွက်သွားလာ မလုပ်နဲ့။ သံရုံးတွေက ပေးတဲ့ ဘယ်သင်တန်းမျိုးမှ မတက်နဲ့။

(၆) ဘယ်နိုင်ငံရေးပါတီမှ မဝင်နဲ့။ ဘယ်နိုင်ငံရေးပါတီကိုမှ ဝန်ဆောင်မှု... ဘယ်နိုင်ငံရေးပါတီကပေးတဲ့ ထောက်ပံ့ကြေး မယူနဲ့။

(၇) ကံမှဲ့သူ ဆင်းရဲသားများကို နှိပ်ချတာ၊ ပြက်ရယ်ပြုတာ၊ လှောင်ပြောင်တာ လုံးဝမလုပ်နဲ့။

(၈) သတင်းစာကို အကြောင်းပြုပြီး ဘယ်လိုအဖွဲ့အစည်းမျိုးဆီကမှ အခွင့်ထူး၊ အကျိုးထူးများ တောင်းခံခြင်း၊ ရယူခံစားခြင်း မလုပ်နဲ့။

(၉) အရက်မသောက်နဲ့။ အိမ်ထောင်ရေးဖောက်ပြားမှု လုံးဝမရှိစေနဲ့။

(၁၀) သတင်းနဲ့ သတင်းစာတိုက်ကို အကြောင်းပြုပြီး ဗိုက်ဆံရှာခြင်း၊ အကြပ်ကိုင်ခြင်း၊ ငြိမ်းချောက်ခြင်း၊ အပေးအယူလုပ်ခြင်း လုံးဝ မလုပ်နဲ့။

https://www.facebook.com/pages/မြန်မာ-စာအုပ်များ/532587203419984

http://myanmarebooksfree.blogspot.com/



တိုက်တွင်းကျင့်ဝတ်

အခုဖော်ပြခဲ့တာတွေက လူကြီးသူမတွေက ကျွန်တော်တို့ကို ဆုံးမခဲ့တာတွေပါ။ လူထုသတင်းစာရဲ့ တိုက်တွင်းကျင့်ဝတ်လို့ ဆိုရမှာပါ။ တခြားတိုက်တွေနဲ့ မတူတာတွေလည်း ရှိပါတယ်။ ဥပမာ– အရက် မသောက်နဲ့ ဆိုတဲ့ကိစ္စ။ ဒါကတော့ ဦးလေးလှရဲ့ ကိုယ်ပိုင်ကျင့်ဝတ် ဖြစ်ပါတယ်။ သူက အရက်မသောက်၊ ဆေးလိပ်မသောက်ပါဘူး။ သူ့ မိတ်ဆွေရင်းချာတွေကတော့ သောက်ကြတယ်။ ကျွန်တော့်ဦးကြီး ရွှေဥဒေါင်းလည်း သောက်ပါတယ်။ ဦးလေးလှရဲ့သားသမီး ၅ ယောက်နဲ့ မြေး ၆ ယောက်စလုံး အရက်ရော၊ ဆေးလိပ်ရော မသောက်ကြပါဘူး။

သာသနာပြုနေတဲ့ အလုပ်

အရက်သောက်တာကြောင့် စာနယ်ဇင်းသမားကောင်း မဟုတ်ဘူး လို့ မပြောနိုင်ပါဘူး။ အရက် လုံးဝမသောက်ပေမယ့် တခြားနည်းမျိုးစုံ နဲ့ ပျက်စီးနေတဲ့ စာနယ်ဇင်းသမားတွေလည်း အများကြီးရှိပါတယ်။ အဓိကအကျဆုံးကတော့ စာနယ်ဇင်းအလုပ်ကို ခုတုံးလို အသုံးချပြီး ကိုယ်ကျိုးစီးပွား ရှာဖွေတဲ့အလုပ်မျိုး မလုပ်ဖို့ ဖြစ်ပါတယ်။ စာနယ်ဇင်း အလုပ်ဆိုတာ သာသနာပြုလုပ်ငန်းနဲ့တူတဲ့ မွန်မြတ်တဲ့အလုပ်ဖြစ်တယ်။ ကိုယ်ကျိုးရှာသမားများနဲ့ လုံးဝအပ်စပ်တဲ့အလုပ် ဖြစ်တယ်လို့ ဆိုလိုက်ချင်ပါတယ်။

**News Watch ၂။ ဖေဖော်ဝါရီ ၂၀၀၁။**

https://www.facebook.com/pages/မြန်မာ-စာအုပ်များ/532587203419984

http://myanmarebooksfree.blogspot.com/

# စည်းရုံးရေးဆိုတာ နားလည်ဖို့လိုတယ်

နိုင်ငံရေး ဆိတ်သုဉ်းလုနီးပါး အခြေအနေမျိုးနဲ့ နှစ်ပေါင်း ၅၀ လောက် နေခဲ့ကြရလေတော့ နိုင်ငံရေးသမား မျိုးဆက်ပြတ်သလို ဖြစ်သွားတယ်။ နိုင်ငံရေးကို လွတ်လွတ်လပ်လပ် လုပ်လို့ရတဲ့ခေတ်ကို သိမီခဲ့သူတွေနဲ့ နိုင်ငံရေးသမားကြီးတွေ ရှိတန်သလောက် ရှိနေသေးပေမယ့် ရှစ်ဆယ်ကျော်၊ ကိုးဆယ်အရွယ်တွေ ဖြစ်ကုန်ကြပြီဆိုတော့ စိတ်သွားတိုင်း ကိုယ်မပါ ကြရှာတော့ဘူး။

## ကြေညာချက်တွေ ဝေကြ

၂၀၁၀ နိုဝင်ဘာ ၇ ရက်မှာ ရွေးကောက်ပွဲလုပ်မယ်လို့ အစိုးရက ကြေညာပြီး ပါတီတွေ ဖွဲ့စည်းထောင်ခွင့် ပေးလိုက်တဲ့အခါမှာ တစ်နိုင်ငံလုံး လှုပ်လှုပ်ရှားရှား ဖြစ်သွားတယ်။ အသေးအရောင်တူသူတွေ စုပေါင်းပြီး ပါတီထောင်ကြတယ်။ တိုင်းရင်းသားလူမျိုးစုတွေကလည်း သူတို့ဒေသ၊ သူတို့လူမျိုးကို အခြေခံပြီး ပါတီထောင်ကြတယ်။ အဲဒီနောက်တော့ ထုံးစံ အတိုင်း မဲဆွယ်စည်းရုံး လှုပ်ရှားမှုတွေ လုပ်ကြတယ်။ အများအားဖြင့်တော့ ကြေညာချက်တွေရိုက်ပြီး ရပ်ကွက်ထဲ လိုက်ဝေကြတယ်။ လူစုလူဝေးနဲ့ တရားပွဲတွေ ဘာတွေ သိပ်မလုပ်နိုင်ကြဘူး။ ပါတီတွေအတွက် ကောင်းသွား တာက ဂျာနယ်တွေ တစ်ရာ့လေးငါးဆယ်လောက် ရှိနေတာ ဖြစ်တယ်။

## ဂျာနယ်တွေ တာဝန်ကျေ

ဂျာနယ်တွေက ပါတီတွေနဲ့ အမတ်လောင်းတွေအကြောင်း ပြည်သူ လူထုသိအောင် အမျိုးမျိုး သတင်းပေးကြတယ်။ လူငယ် ဂျာနယ်သမား တွေ တာဝန်ကျေကြတယ်။ ကျေးဇူးတင်စရာ သိပ်ကောင်းတယ်။ ဂျာနယ်

https://www.facebook.com/pages/မြန်မာ-စာအုပ်များ/532587203419984

http://myanmarebooksfree.blogspot.com/



တွေက မျှမျှတတဖြစ်အောင် ကြိုးစားကြတယ်။ လွန်ခဲ့တဲ့နှစ်ပေါင်း ငါးဆယ်ကျော် ပါတီစုံခေတ်ကလို မလိုတဲ့ပါတီ အဖွဲ့အစည်းကို နည်းလမ်းမျိုးစုံသုံးပြီး အပုပ်ချတာမျိုး ကင်းရှင်းကြတယ်။ ပုပ်လို့ပေါ်လာတဲ့ ပါတီနဲ့ လူပုဂ္ဂိုလ်တွေကိုတောင် ဖုံးဖုံးဖိဖိနဲ့ သက်သက်ညှာညှာ ရေးကြတာ တွေ့ရတယ်။

## စည်းရုံးရေးဆိုတာ နားမလည်ကြ

သတင်းသမားတစ်ယောက်အနေနဲ့ စောင့်ကြည့်လေ့လာရင်း ဘာသွားတွေ့ရလဲဆိုတော့ နိုင်ငံရေးပါတီတွေနဲ့ အမတ်လောင်းတွေအားလုံး မဲဆွယ်တာပဲ လုပ်တတ်ပြီး စည်းရုံးရေးမလုပ်နိုင်ကြဘူးဆိုတဲ့ အားနည်းချက် ဖြစ်တယ်။ တော်တော်များများက စည်းရုံးရေးဆိုတာကို နားမလည်ကြတာ။ ကြေညာချက်စာရွက်စာတမ်းတွေ ဝေတာနဲ့ တရားဟောတယ်ဆိုတာက မဲဆွယ်တာပဲ။ စည်းရုံးတာ မဟုတ်ဘူး။ စည်းရုံးတယ်ဆိုတာက ရွေးကောက်ပွဲ တစ်ပွဲအတွက် တစ်ပွဲတိုးလုပ်တာ မဟုတ်ဘူး။ ကိုယ့်ပါတီကို နှစ်နှစ်ကာကာ ယုံကြည်ထောက်ခံတဲ့ အမာခံပါတီဝင်တွေ ဖြစ်အောင် လုပ်ရတာဖြစ်တယ်။ ကိုယ့်ပါတီရဲ့ မူဝါဒလမ်းစဉ်တွေကို ကြေကြေညက်ညက် နားလည်ပြီး ပူးပေါင်းပါဝင်ဆောင်ရွက်လိုသူတွေ ဖြစ်လာအောင် လုပ်ရတာ ဖြစ်တယ်။

## အမာခံမဟုတ်ဘူး

မဲဆွယ်စဉ်ကာလမှာ ရွေးကောက်ပွဲနိုင်ရင် ဘာလုပ်ပေးပါ့မယ်ဆိုတဲ့ ကြေညာချက်ကို သဘောကျပြီး မဲထည့်တဲ့ မဲဆန္ဒရှင်ဆိုတာက ကိုယ့်အတွက် စိတ်ချရတဲ့အမာခံအဖြစ် ယူဆလို့မရဘူး။ နောက်တစ်ယောက်က ကိုယ့်ထက်သာအောင် လုပ်ပေးပါ့မယ်ပြောရင် ပြောတဲ့ဘက်ကို ပါသွားမှာပဲ။ ဒါမှမဟုတ် ရှေးဖဆပလခေတ်က ပျူစောထီးတွေလို သေနတ်ပြပြီး ခြောက်ရင်လည်း ကြောက်လို့ ပါသွားမှာပဲ။ ဘယ်လိုအန္တရာယ်မျိုးမဆို ရင်ဆိုင်ပြီး ကိုယ် ယုံကြည်တဲ့ပါတီဘက်က ရပ်တည်မယ်ဆိုတာက ပါတီရဲ့ မူဝါဒလမ်းစဉ်ကို နှစ်နှစ်ကာကာယုံကြည်လို့ ဝင်လာတဲ့ ပါတီဝင်တွေသာ ဖြစ်တယ်။

## အယည်မခံတဲ့ ထည့်ဝင်

အဲဒီလိုပါတီဝင်မျိုး များများရအောင် စည်းရုံးနိုင်တာကို စည်းရုံးရေး

https://www.facebook.com/pages/မြန်မာ-စာအုပ်များ/532587203419984

http://myanmarebooksfree.blogspot.com/



ကောင်းတယ်လို့ ခေါ်တယ်။ သူတို့က မူဝါဒကို ယုံကြည်တဲ့အတွက် ဝင်ကြေးတို့ လစဉ်ကြေးတို့ပေးပြီး ဝင်လာကြတယ်။ အခွင့်အရေးလိုချင်လို့ ဝင်ကြတာ မဟုတ်ဘူး။ ကိုယ့်အိတ်ထဲက ပိုက်ဆံထုတ်ပြီး ဝင်လာကြတာ။ အနောက် နိုင်ငံတွေမှာ 'Paid member' လို့ခေါ်တဲ့ အဲဒီလို ပါတီဝင်မျိုးတွေကိုမှ အမာခံလို့ သတ်မှတ်နိုင်တယ်။ ပါတီရန်ပုံငွေ လိုတယ်ဆိုရင်လည်း သူတို့က ဝိုင်းရှာပေးကြတယ်။ နိုင်ငံရေးခေတ်မှာ နိုင်ငံရေးပါတီတွေဟာ ဒီနည်းနဲ့ပဲ ရပ်တည်ကြတယ်။ ပါတီက စည်းရုံးရေး ကောင်းရင် ကောင်းသလောက် ရန်ပုံငွေ တောင့်တောင့်တင်းတင်း ရှိလာမယ်။ သူဌေးသူကြွယ်တွေကလည်း မူကြိုက်လို့ဖြစ်ဖြစ်၊ လူကြိုက်လို့ဖြစ်ဖြစ် အလုံးအရင်းနဲ့ ထည့်ဝင်လေ့ရှိတယ်။ အကျိုးလိုလို့ ညောင်ရေလောင်းသူတွေ ရှိသလို မူဝါဒ၊ သို့မဟုတ် လူကိုကြိုက်လို့ အမည် မခံဘဲ ထည့်ဝင်လှူဒါန်းသူတွေလည်း ရှိပါတယ်။

## လူထုက မဏ္ဍိုင်

စည်းရုံးရေးလုပ်တယ်ဆိုတာ ကိုယ့်မူဝါဒလမ်းစဉ်ကို လူတွေသိအောင် ချပြပြီး လူထုထောက်ခံမှု များသထက် များအောင်လုပ်ခြင်း ဖြစ်တယ်။ လူထုထောက်ခံမှု အပြည့်အဝ အခိုင်အမာရှိတဲ့ ပါတီ၊ ဒါမှမဟုတ် လူပုဂ္ဂိုလ်ဟာ ရှင်သန်ရပ်တည်မှုအတွက် ဘာမှပူစရာမလိုဘူး။ အမာခံပါတီဝင်တွေနဲ့ လူထုက ကျောရိုးမဏ္ဍိုင်အဖြစ် နောက်က အမြဲထောက်ခံရပ်တည်ပေးမှာ ဖြစ်တယ်။ အရေးအကြီးဆုံး အချက်က ကိုယ်ကိုင်စွဲတဲ့ မူဝါဒလမ်းစဉ်တွေဟာ လူထုရဲ့လိုအပ်ချက်နဲ့ တစ်ထပ်တည်းကျဖို့ပဲ ဖြစ်တယ်။ ဆန္ဒစွဲအားကြီးပြီး ခြေလှမ်းက ရှေ့ကိုသိပ်ကျွံနေလို့ မဖြစ်သလို နေးကွေးထုံထိုင်းပြီး လူထုရဲ့ နောက်ပြီးဆွဲ လုပ်နေလို့လည်း မဖြစ်ဘူး။ လူထုနဲ့ အမြဲတမ်း တစ်သားတည်း ရှိနေရမယ်။

## တစ်သွေး တစ်သံ၊ တစ်မိန့်

ဒီတစ်ကြိမ် ရွေးကောက်ပွဲမှာတော့ စည်းရုံးရေးသဘော နားမလည်ရုံသာ မဟုတ်သေးဘူး။ တော်တော်များများက မူဝါဒလမ်းစဉ် ဆိုတာတောင် ဘာမှန်းမသိကြတာ တွေ့ရတယ်။ ဒါလည်း သူတို့ကို အပြစ်မတင်ပါဘူး။

https://www.facebook.com/pages/မြန်မာ-စာအုပ်များ/532587203419984

http://myanmarebooksfree.blogspot.com/



### ပြည်သူက ရှေ့အများကြီးရောက်

တစ်မတော်အစိုးရက ဒီမိုကရေစီလမ်းစဉ်ကို သွားမယ်ဆိုပြီး ပါတီတွေထောင်ခွင့်ပေး။ ရွေးကောက်ပွဲ ကျင်းပပေး လုပ်ခဲ့ပေမယ့် ထူထောင်လိုက်တဲ့ နိုင်ငံရေးပါတီတွေကိုယ်တိုင်က နိုင်ငံရေးဆိုတာ ဘာမှန်း သိဝ်သိကြသေးတာ မဟုတ်ဘူး။ အားလုံးသောပါတီတွေက ဒီမိုကရေစီနဲ့ ဈေးကွက်စီးပွားရေးဆိုတဲ့ ယေဘုယျမူဝါဒကိုသာ ပြောနိုင်ကြတယ်။ ဘယ်လိုဒီမိုကရေစီလဲ၊ ဘယ်ပုံစံနဲ့ ဈေးကွက်စီးပွားရေးလဲဆိုတဲ့ တိကျရေရာတဲ့လမ်းစဉ်မျိုး ချပြနိုင်တာ မရှိပါဘူး။ ဒီနေ့ မဲဆန္ဒရှင် ပြည်သူလူထုက နိုင်ငံရေးပါတီတွေထက် ရှေ့ကို အများကြီးရောက်နေတယ်။ ဒီမိုကရေစီဆိုတာ ဘယ်လိုဒီမိုကရေစီမျိုးလဲ။ ယိုးဒယား ဒီမိုကရေစီမျိုးလား။ အရှေ့အလယ်ပိုင်းက ဘုရင်တွေနဲ့ စော်ဘွားတွေရဲ့ ဒီမိုကရေစီမျိုးလားဆိုတာ အတိအကျ သိချင်ကြတယ်။

### ယေဘုယျနဲ့ မလုံလောက်

ဈေးကွက်စီးပွားရေးမှာလည်း ဂျပန်တို့၊ အမေရိကန်တို့က ပုံစံလား။ တရုတ်က ဈေးကွက်စီးပွားရေးပုံစံလား။ ဗီယက်နမ်ပုံစံလားဆိုတာ ရေရေရာရာ သိချင်ကြတယ်။

***Weekly Eleven***

**၂၊ ဖေဖော်ဝါရီ၊ ၂၀၁၁။**

https://www.facebook.com/pages/မြန်မာ-စာအုပ်များ/532587203419984

http://myanmarebooksfree.blogspot.com/

# ကိုလိုနီလက်သစ်ဆိုသည်မှာ

ဂျာနယ် တစ်စောင်ပြီးတစ်စောင် တိုးလာတာနဲ့အမျှ ဂျာနယ်လစ် လူငယ်၊ လုံမငယ်တွေလည်း တိုးလာတာ တွေ့ရတယ်။ ဝမ်းသာစရာ ဖြစ်တယ်။ အထူးသဖြင့် မိန်းကလေးငယ်တွေ ဘယ်ခေတ်ကနဲ့မှ မတူအောင် ဝင်ရောက် လုပ်ကိုင်လာတဲ့အတွက် ပိုပြီးအားရမိတယ်။

**ထမင်းငတ်ပါစေ၊ သတင်းမငတ်စေနဲ့**

ဝင်ရောက်လာကြတဲ့ လူငယ်တော်တော်များများက ဖွဲ့ဖွဲ့မြဲမြဲ မလုပ်ကြဘဲ လေ့ကျင့်စီးတဲ့သဘောမျိုး ဝင်လာကြတာဖြစ်ပေမယ့် တချို့လည်း လုပ်ရင်းနဲ့ စွဲသွားပြီး တင်ကျန်ရစ်ကြပါတယ်။ အဲဒါက အမြတ်ပါပဲ။ ဘာပဲဖြစ်ဖြစ် စာနယ်ဇင်းမျိုးဆက် ပြတ်မသွားတော့ဘူးပေါ့။ စာနယ်ဇင်းအကြောင်း၊ စာနယ်ဇင်းကျင့်ဝတ်အကြောင်း စတာတွေ အများဆုံး ရေးသူဖြစ်တာကြောင့် ဂျာနယ်တိုက်ပေါင်းစုံက အသစ်ခန့်လိုက်တဲ့ လူငယ်တော်တော်များများဟာ သူတို့ မေးမြန်းဆွေးနွေးချင်တာတွေကို လာပြီးမေး မြန်းတတ်ကြတယ်။ အဲဒီမှာ သတိထားမိတာတစ်ခုက သူတို့လေးတွေ စာဖတ်အတော်ပျင်းကြတယ်ဆိုတာ ဖြစ်တယ်။ အတော်များများကဆို သတင်းစာတောင် မှန်မှန် မဖတ်ကြဘူးဆိုတာ သိရတယ်။ ဂျာနယ်လစ်ဆိုတဲ့ သတင်းသမားလုပ်နေပြီး သတင်းတွေကို စိတ်မဝင်စားရင် ဘယ်လိုလုပ်ပြီး သတင်းသမားကောင်း ဖြစ်နိုင်မှာလဲ။ သတင်း သမားကောင်းဖြစ်ချင်ရင် ထမင်းသာအငတ်ခံပါ။ သတင်း အငတ်ခံလို့တော့ လုံးဝမဖြစ်ပါဘူးလို့ လူငယ်တွေကို ထပ်ပြီး သတိပေးချင်တယ်။

https://www.facebook.com/pages/မြန်မာ-စာအုပ်များ/532587203419984

http://myanmarebooksfree.blogspot.com/



## မိန်းကလေးတွေ အားနည်းတဲ့အရာ

တမဖတ်တဲ့ လူငယ်တွေရဲ့ အသိဉာဏ်စက်ဝန်းဟာ အင်မတန် ကျဉ်းပါတယ်။ မသိတာမေးလို့ ရှင်းပြလည်း တော်ရုံနဲ့ သဘောမပေါက်ပါဘူး။ နိုင်ငံရေး၊ စီးပွားရေးအကြောင်းတွေဆိုရင် မိန်းကလေးတွေက ယောကျ်ားလေးတွေထက် ပိုပြီးအားနည်းတာ တွေ့ရတယ်။ နိုင်ငံရေးနဲ့ စီးပွားရေးအကြောင်း မသိဘဲနဲ့တော့ ဘယ်နည်းနဲ့မှ ဂျာနယ်လစ်ကောင်း တစ်ယောက် မဖြစ်နိုင်ပါဘူး။ အရင်က ဝါသနာမပါလို့ မဖတ်လည်း သတင်းသမားအဖြစ် လုပ်ကိုင်နေပြီဆိုရင်တော့ မဖတ်လို့ လုံးဝ မဖြစ်ပါဘူး။ ကြိုက်လည်း ဖတ်၊ မကြိုက်လည်း ဖတ်ရမှာပါ။ ပြောရလွန်းလို့ အစ်ကြောင်းလည်း ထစ်လှပါပြီ။ တယ်ပြီး မထူးလှပါဘူး။

## ဖန်တစ်ရာတေတဲ့စကား

တစ်နေ့ကပဲ မယ်ဂျာနယ်လစ်တစ်ယောက်က လာပြီး မေးခွန်းတစ်ခု မေးတယ်။ ကိုလိုနီလက်သစ်ဆိုတာ ဘယ်လိုဟာလဲတဲ့။ ဒီစကားလုံးက ဖန်တစ်ရာတေအောင် ကြားနေရတဲ့စကားမျိုး မဟုတ်လား။ ဒါတောင် မသိတာတော့ လွန်တာပေါ့။ သိသလို၊ မသိသလိုလိုနဲ့ သေချာရှင်းပြစမ်း ဆိုတော့ ရှင်းမပြတတ်တော့ဘူးလို့ ပြောပါတယ်။ ဒါတော့ ဟုတ်တယ်။ ကျွန်တော်တို့ ငယ်ငယ်တုန်းကလည်း ပါးစပ်က အမြဲပြောနေကျ စကား တစ်ခွန်း ရှိတယ်။ 'တိုင်းပြည်ကို လက်ညှိုးထိုး ရောင်းစားတယ်' ဆိုတဲ့စကား။ ဦးနုအစိုးရကို ဝေဖန်တဲ့အခါ ပြောလေ့ရှိတာပါ။ ပြောသာ ပြောတာ၊ တကယ် ရှင်းပြစမ်းဆိုတော့ ရှင်းမပြတတ်ဘူး။ ခုလို အသက်ကြီးလာတဲ့အခါကျတော့မှ ဒီစကားကို တကယ် နားလည်လာရတာ ဖြစ်တယ်။ ဒါကြောင့် ကိုယ်ချင်းစာပြီး ရှင်းပြလိုက်ရတယ်။

## ငါးကြင်းဆီနဲ့ ငါးကြင်းကြော်

'ဒီလိုကွဲ့ နားထောင်။ ရှေးတုန်းက စီးပွားရေးအင်အား တောင့်တင်းလာတဲ့ အနောက်နိုင်ငံတွေက သူတို့ ကုန်ပစ္စည်းတွေရောင်းချဖို့ သူတို့ လိုအပ်တဲ့ ကုန်ကြမ်းတွေရဖို့အတွက် အင်အားသေးငယ်တဲ့ နိုင်ငံတွေကို စစ်တပ်တွေ

https://www.facebook.com/pages/မြန်မာ-စာအုပ်များ/532587203419984

http://myanmarebooksfree.blogspot.com/



စေလွှတ်တိုက်ခိုက်ပြီး လက်အောင်ခံနိုင်ငံများအဖြစ် သိမ်းပိုက် အုပ်ချုပ်ကြတယ်။ နှစ်ကာလ ကြာရှည်စွာ ခြယ်လှယ်သွေးစုပ် အမြတ်ထုတ်ကြတယ်။ အဲဒါကို ကိုလိုနီစနစ်လို့ ခေါ်တယ်။ ဒုတိယ ကမ္ဘာစစ်ကြီးဖြစ်တော့ ကိုလိုနီနိုင်ငံတွေ လွတ်လပ်ရေးရလာကြတဲ့အတွက် အဲဒီစနစ် ချုပ်ငြိမ်းသွားတယ်။ ဒါပေမယ့် အရင်းရှင် စီးပွားရေးသမားတွေက ဒီအတိုင်း ငြိမ်မနေဘဲ နည်းလမ်းအမျိုးမျိုး ရှာရင်းနဲ့ ပိုကောင်းတဲ့ စနစ်တစ်ခု တွေ့သွားကြတယ်။ အဲဒီစနစ်က ရှေးဟောင်းလို ပိုက်ဆံအကုန်ခံပြီး စစ်တပ်တွေ စေလွှတ်ထားတာမျိုး၊ ကြီးမားတဲ့ ကုလိုနီအုပ်ချုပ်ရေး ယန္တရားကြီး တည်ဆောက်ထားရတာမျိုး လုပ်ဖို့မလိုတော့။ ဒါကြောင့် ငါးကြင်းဆီနဲ့ ငါးကြင်းပြန်ကြော်တာဆိုတော့ ကုန်ကျစရိတ် လုံးလုံးမရှိဘဲ အမြတ်ချည်း ရာနှုန်းပြည့်ရတဲ့စနစ် ဖြစ်တာကြောင့် သူတို့အတွက် ပိုပြီး အကျိုးရှိစေတယ်'

## ယဉ်ကျေးမှုလက်နက်

'လုပ်ပုံလုပ်နည်းကတော့ ရှေးကလို အကြမ်းနည်း မဟုတ်တော့ဘဲ အနုနည်း ဖြစ်လာတယ်။ စစ်တပ်တွေ မပို့တော့ဘဲ ယဉ်ကျေးမှုတွေနဲ့ ဈေးပေါပေါ လူသုံးကုန်ပစ္စည်းတွေ တရစပ်ပို့တယ်။ ယဉ်ကျေးမှုကို ဘာနဲ့ ပို့သလဲ ဆိုတော့ စာပေ၊ ရုပ်ရှင်၊ ဂီတ စတဲ့ မီဒီယာတွေကနေတစ်ဆင့် ပို့တယ်။ ယဉ်ကျေးမှုလက်နက်က စစ်တပ်တွေထက် ပိုကြောက်စရာကောင်းတယ်။ စစ်တပ်တွေက ထင်သာမြင်သာ နိုင်ငံခြားသားတွေဆိုတော့ အမျိုးသားရေးစိတ်ဓာတ်နဲ့ ပြန်ပြီး ဆန့်ကျင်တိုက်ခိုက်တာ မလွဲမသွေ ခံရတယ်။ စာပေ၊ ရုပ်ရှင်၊ ဂီတဆိုတာတွေကျတော့ ငယ်ရွယ်နုနယ်သူတွေရဲ့ နှလုံးသားထဲထိအောင် ရောက်သွားတာကြောင့် ဝမ်းသာအားရ ကြိုဆိုတာတောင် ခံရလေ့ရှိတယ်။ ဈေးပေါတဲ့ လူသုံးကုန် ပစ္စည်းတွေကျတော့ ဆင်းရဲသားတွေတောင် ဝယ်ယူသုံးစွဲနိုင်တာဖြစ်လို့ လူနေအိမ်တိုင်းမှာ သူတို့ပစ္စည်းတွေနဲ့ မကင်းနိုင်အောင် ဖြစ်နေကြတော့တယ်။ စစ်ပြီးစကာလမှာ ဂျပန်က ဈေးချိုတဲ့ အပေါစား ပစ္စည်းတွေ အလျှံပယ်ထုတ်လုပ်ပြီး အင်္ဂလန်၊ ဂျာမနီ လုပ်မှ သုံးလေ့ရှိတဲ့ မြန်မာနဲ့ အရှေ့တောင်အာရှဈေးကွက်ကို ထိုးဖောက်ဝင်ရောက်ခဲ့တာ အထင်ရှားဆုံးသာဓက ဖြစ်တယ်။

https://www.facebook.com/pages/မြန်မာ-စာအုပ်များ/532587203419984

http://myanmarebooksfree.blogspot.com/



## ပေါချောင်ကောင်းဈေးကွက်

ရှေးတုန်းက မြန်မာလူမျိုးက နာရီဆိုရင် ဆွစ်ဇာလန်နဲ့လုပ် ရိုလက်စ်တို့၊ အိုမီဂါတို့မှ နာရီထင်တာ။ ဖောင်တိန်ဆိုရင် ပါကာ။ ကင်မရာဆို ရိုလီကော့၊ ရိုလီဖလက်တို့မှ။ နောက်တော့ ဆင်းရဲသားတွေပါ ဝယ်ပါ နိုင်တဲ့ ဈေးပေါပေါ တစ်တိုနီလို နာရီတွေဆိုတာ လိုက်ဝင်လာကြပေမဲ့ နာရီဈေးကွက်ကို ဂျပန်က လွှမ်းမိုးသွားနိုင်ခဲ့တယ်။ ပါကာဖောင်တိန်နဲ့ တစ်ချောင်း လေးငါးဆယ်လောက် ပေးရချိန်မှာ ပိုင်းလော့ဆိုတဲ့ ဂျပန် ဖောင်တိန်က လေးငါးကျပ်နဲ့ ဝယ်လို့ရတော့ ကျောင်းသားတိုင်းရဲ့ လက်ထဲမှာ ပိုင်းလော့ဖြစ်သွားတယ်။ ကင်မရာဆိုလည်း အလားတူပဲ။ ယာရှီကာတို့ မာမီယာတို့ခေတ် ဖြစ်သွားတယ်။ ရိုလီတွေဆိုတာ မြန်မာ့ဈေးကွက်ထဲက လုံးဝ ပျောက်သွားရတယ်။ ဟောဒီခေတ်ရောက်တော့ ပိုးဒယားကျ၊ တရုတ်လုပ်၊ ကိုရီးယားလုပ်ပစ္စည်းတွေက ဈေးက ဂျပန်ပစ္စည်းတွေထက်ပေါတော့ ပေါချောင်ကောင်းဖြစ်ကြလေတော့ ဈေးကွက်ထဲမှာ သူတို့ပစ္စည်းတွေများပြီး ဖြစ်နေကြတော့တယ်။

## တင့်တယ်နေတဲ့ ချည်ပတ်

မန္တလေးမှာ မုန့်တီဆိုင်၊ ပြီးရှည်ဆိုင်တွေက ရာနှင့်မှ တွေ့ရသလို ဖြစ်သွားပြီး ဆန်ခေါက်ဆွဲနဲ့ အကင်ဆိုင်တွေက နေရာတကာမှာ မရှိမ လွှတ် ဖြစ်နေတယ်။ ရန်ကုန်မှာလည်း ဆီချက်တာချင်ရင် ပေါ်ပေါက် ရှာရတယ်။ အကင်ဆိုင်ကတော့ ပေါမှပေါ။ မုန့်လာချဉ်၊ မုန့်ကူလိုင်၊ မုန့်ဟင်းခါးဆိုတာ ဘယ်တုန်းကမှ ဆိုင်ကြီးကနာမကြီးတွေမှာ တင်ရောင်းတဲ့ပစ္စည်း မဟုတ်ခဲ့ဘူး။ အခုတော့ ကင်ဒီဆိုတဲ့ ချည်ပတ်က စူပါမားကက်ကြီးတွေမှာ တင်ပြီးရောင်းနေလို့ တင့်တယ်နေလိုက်ကြတာ။ ဒါတင်မကဘူး။ ကလေးတွေ ပါးစပ်ဖျားမှာလည်း အပါးတို့ အမားတို့ အိုပါးတို့ အာပုချေးတို့ ဆိုတဲ့စကားတွေပဲ တတွတ်တွတ် ရွတ်နေကြတော့တယ်။ အဲဒီ မတိုင်ခင်ကတော့ ရှဲရှဲတို့၊ ဖေ့ဖေ့မိုးမိုးတို့ ပေးယိုကွမ်းစီးတို့ဆိုတဲ့ စကား တွေပေါ့။ ဟိုးရှေးတုန်းကတော့ ဖေဖေ၊ မေမေတို့ ဘိုင်ဘေးတို့ အောကိုက် တို့ပေါ့လေ။ ဒါ ဝေါဟာရတွေကတော့ ယဉ်ကျေးမှုဆိုင်ရာ ကိုလိုနီလက်သစ်စနစ်ရဲ့ ပြယုဂ်တွေပဲ။

https://www.facebook.com/pages/မြန်မာ-စာအုပ်များ/532587203419984

http://myanmarebooksfree.blogspot.com/



ဟောရင်းသာ ပျံတော်မူ

အဲဒီလို ရှည်ရှည်ဝေးဝေး ကကြီးကနေ အ.ထိအောင် ရှင်းပြပြီးမှ ဒီခေတ်လူငယ်အချို့က နားလည်ကြတာ။ တော်ရုံတန်ရုံ ပြောလိုက်တော့ ဘာမှသိတာ မဟုတ်ပါဘူး။ ဒါကြောင့် စာဖတ်ပါ၊ စာဖတ်ပါနဲ့ အစ်ကြောင်းထပ်အောင် ပြောနေရတာဖြစ်တယ်။ ကြာတော့လည်း 'ဟောရင်းသာ ပျံတော်မူလိမ့်' ဆိုတဲ့ကိန်း ဆိုက်တော့မယ်ထင်ပါရဲ့။ ကိုယ့်ဟာကိုယ် တွေးနေမိတော့တယ်။

*ENVOY အမှတ် ၄၃*
*၃၊ ဖေဖော်ဝါရီ၊ ၂၀၁၁။*

https://www.facebook.com/pages/မြန်မာ-စာအုပ်များ/532587203419984

http://myanmarebooksfree.blogspot.com/

## အတွေ့အကြုံလား အရည်အချင်းလား

ဘွဲ့ရပြီးစ လူငယ်လေးတွေ အလုပ်လျှောက်တဲ့အခါမှာ အလုပ်ရှင်အများစုက အတွေ့အကြုံမရှိရင် မခန့်ချင်ကြတဲ့အတွက် ဘွဲ့ရလူငယ်တွေ အတော်များများ အလုပ်မရနိုင် ဖြစ်နေကြရကြောင်း ရင်ဖွင့်သံတွေ အမြဲတမ်း ကြားနေရတယ်။

**အောင်လက်မှတ်တွေ အသုံးမဝင်**

ဒီကိစ္စက ဒီမှာတင်ဖြစ်တာ မဟုတ်ဘူး။ နိုင်ငံခြား သွားအလုပ်ရှာတဲ့ လူငယ်တွေလည်း ကြုံတွေ့ကြရတယ်။ နိုင်ငံခြားမှာက ပိုတောင် ဆိုးသေးတယ် ထင်တယ်။ အလုပ်ရှင်အများစုက ဘွဲ့တွေနဲ့ သင်တန်းဆင်း လက်မှတ်တွေကို သိပ်ပြီးဂရုမစိုက်ဘဲ လုပ်ငန်းအတွေ့အကြုံ ဘယ်လောက် ရှိသလဲဆိုတာကို အသေအချာ စစ်ဆေးမေးမြန်းလေ့ ရှိတယ်။ သင်တန်းအောင်လက်မှတ်တွေ တစ်ထပ်ကြီး ပါသွားလည်း ဟိုကျတော့ ဘာမှသိပ်အသုံးမဝင်ပါဘူး။ သူတို့ နိုင်ငံတွေက လူငယ်အများစုဟာ ကျောင်းတက်ရင်းနဲ့ အချိန်ပိုင်းအလုပ် လုပ်လေ့ရှိကြတယ်။ တချို့က ကျောင်းပိတ်ရက်တွေမှာ အချိန်ပြည့်အလုပ် လုပ်ကြတယ်။ ကျောင်းစရိတ်နဲ့ မုန့်ဖိုး၊ အနည်းအကျဉ်း အထောက်အပံ့ ရစေဖို့အပြင် လုပ်ငန်းအတွေ့အကြုံ ရစေဖို့လည်း ဖြစ်တယ်။

**အသေးစားလုပ်ငန်းတွေက**

လူငယ်တွေ စကားစပ် ရင်ဖွင့်တိုင်တည်ကြလွန်းတဲ့အတွက် ဒီကိစ္စကို နည်းနည်းပါးပါး အချိန်ပေး လေ့လာကြည့်တော့ ဘယ်နိုင်ငံမှာမဆို

https://www.facebook.com/pages/မြန်မာ-စာအုပ်များ/532587203419984

http://myanmarebooksfree.blogspot.com/



အသေးစားလုပ်ငန်းလေးတွေက အတွေ့အကြုံရှိတဲ့သူကိုမှ ရွေးပြီး ခန့်ချင်ကြတယ်ဆိုတာ တွေ့ရတယ်။ ဘာကြောင့်လဲဆိုတော့ အလုပ်သမားကို လေ့ကျင့်သင်ကြားပေးတဲ့ အစီအစဉ်မျိုး သူတို့ လုပ်မပေးနိုင်ဘူး။ ပိုက်ဆံလည်း အကုန်မခံနိုင်ဘူး။ အချိန်လည်း အကုန်မခံနိုင်ဘူး။ အလတ်စားနဲ့ အကြီးစား လုပ်ငန်းတွေကျတော့ သူတို့မှာ ကိုယ်ပိုင်မူဝါဒနဲ့ ကိုယ်ပိုင်နည်းစနစ်တွေ ရှိကြတယ်။ အသစ်ခန့်ထားတဲ့ အလုပ်သမားတိုင်းကို သူတို့လိုချင်တဲ့ ကိုယ်ပိုင်ပုံစံရဖို့အတွက် လေ့ကျင့်သင်ကြားပေးတဲ့ ကာလတစ်ခု သတ်မှတ်ပြီး ထားလေ့ရှိတယ်။

## အရည်အသွေး အစီက

ဒါ့အပြင် သူတို့ဆီက ပညာရေးစနစ်တွေက ကြက်တူရွေးတွေလို အလွတ်ကျက်မှတ်တတ်ရင် အအောင်ပေးတဲ့စနစ်မျိုး မဟုတ်ဘူး။ ဘွဲ့ မရခင် အလုပ်သင်သဘောမျိုး လုပ်ရတဲ့ 'အင်တန်းရှစ်'(internship) ဆိုတာမျိုးတွေ ရှိတယ်။ တချို့ ဘာသာရပ်တွေကျတော့ အင်တန်းရှစ် မရှိပေမယ့် ကိုယ်တိုင်ကွင်းဆင်း သုတေသနလုပ်ပြီး ကျမ်းပြုရတာမျိုး ရှိတယ်။ အဲဒီတော့ ဘွဲ့ရလာတယ် ဆိုတာဟာ ကိုယ်တိုင်သင်ယူခဲ့တဲ့ ဘာသာရပ်ကို ခြေခြေမြစ်မြစ် တတ်သိနားလည်ပြီ ဆိုတဲ့သဘော ဖြစ်တယ်။ အဲဒါကြောင့် လုပ်ငန်းအကြီးစား တွေက အလုပ်ခေါ်ရာမှာ လုပ်ငန်းအတွေ့အကြုံထက် ဘယ်ကျောင်းထွက်လဲ၊ ဘယ်လိုအရည်အသွေးနဲ့ အောင်ခဲ့လဲဆိုတာကို အလေးထားကြတယ်။

## ဝိတ်ပင်ထားသလို

ကိုယ်တိုင်ကတော့ အတွေ့အကြုံကို ဦးစားပေးလွန်းတဲ့ စနစ်ကို မကြိုက်ဘူး။ အတွေ့အခေါ်သစ်၊ လုပ်ဟန်သစ်တွေ ပေါ်ထွက်မလာနိုင်အောင် ဝိတ်ပင်ထားသလို ဖြစ်တယ်လို့ ယူဆတယ်။ ဝါရင့် ဝါနု၊ စီနီယာ ဂျူနီယာ ခွဲခြားမှုဟာ ဘိုးဘွားကိုးကွယ်တဲ့ ကွန်ဖြူးရှပ်ဝါဒ ထွန်းကားရာ နိုင်ငံတွေရဲ့ အစဉ်အလာတစ်ခု ဖြစ်တယ်။ ဖခင်ဟာ အိမ်ဦးနတ်၊ အိမ်ထောင်စုရဲ့ အရှင်သခင်၊ ဖခင်ရဲ့ အဆုံးအဖြတ်ကို မှားမှားမှန်မှန် အိမ်သားအားလုံး မျက်စိမှိတ် လိုက်နာရမယ်ဆိုတဲ့ဝါဒ ဖြစ်တယ်။ နှစ်ဆယ့်တစ်ရာစု လူ့အဖွဲ့ အစည်းနဲ့ မအပ်စပ်တော့ဘူးလို့ ထင်တယ်။

https://www.facebook.com/pages/မြန်မာ-စာအုပ်များ/532587203419984

http://myanmarebooksfree.blogspot.com/



## စိတ်ထားကောင်းဖို့

ဂျာနယ်တွေ ထုတ်ခွင့် ဖွင့်ပေးလိုက်တော့ ရင်းနှီးသူတချို့ ဂျာနယ်ထုတ်ကြတယ်။ မထုတ်ခင် လာတိုင်ပင်ကြ၊ အကြံတောင်းကြသူတိုင်းကို စာနယ်ဇင်းလောကမှာ လုံးဝမလုပ်ဖူးတဲ့ လူငယ်သစ်လေးတွေကို ရွေးချယ်ဖို့ အမြဲပြောခဲ့တယ်။ မလုပ်ရ မနေချင်လောက်တဲ့ ဝါသနာမျိုး ရှိဖို့နဲ့ စိတ်ထားကောင်းဖို့ နှစ်ခုကိုသာ ဦးစားပေးရွေးဖို့ တိုက်တွန်းခဲ့တယ်။ မတတ်တာကို သင်လို့ရတယ်၊ စိတ်ထားမကောင်းတာက ပြင်လို့မရဘူးလို့ အမြဲ ပြောခဲ့တယ်။ စိတ်ထားယုတ်ညံ့သူ စာနယ်ဇင်းသမား ဖြစ်ရင် တိုင်းပြည်အတွက် အင်မတန် အန္တရာယ်ကြီးတယ်။ အဲဒါကြောင့် စိတ်ထားကောင်းဖို့ အရေးကြီးတယ်လို့ သဘောထားခဲ့တာ ဖြစ်တယ်။

## လုပ်ငန်းရှင်နဲ့ ကြော်ငြာသမား

တချို့က သိပ်မလုပ်ရဲကြဘူး။ အတွေ့အကြုံရှိ ဝါရင့် သမ္မာရင့် ဆိုတဲ့လူ တစ်ယောက်၊ နှစ်ယောက်တော့ ပါမှဖြစ်မယ်လို့ယူဆပြီး အဲဒီ လူမျိုးတွေ ရှာပြီးခန့်ကြတယ်။ တချို့ကတော့ လူငယ်လူသစ်တွေချည်း ခန့်ပြီး လုပ်တယ်။ ရေရှည်စောင့်ကြည့်တော့ လူငယ်လူသစ်တွေနဲ့လုပ်တဲ့ ဂျာနယ်က ထိပ်ဆုံးတန်းရောက်အောင် တိုးတက်အောင်မြင်သွားပြီး ဝါတွေ၊ သမ္မာတွေဦးဆောင်တဲ့ ဂျာနယ်တွေကတော့ မင်းသား။ မင်းသမီးတွေရဲ့ နိုင်းဖတ်၊ စီးပွားရေး လုပ်ငန်းရှင်တွေရဲ့ လက်ကိုင်တုတ် ကြော်ငြာသမားအဖြစ်လောက်နဲ့ပဲ ရပ်တည်နေနိုင်ကြတာ တွေ့ရတယ်။

## ကိုယ်ပိုင်စံနဲ့ ဘိန်းမှန်

လုပ်ငန်းတစ်ခု လုပ်တယ်ဆိုရင် ဘာလုပ်ငန်းပဲဖြစ်ဖြစ် ကြီးကြီးငယ်ငယ် ကိုယ်ပိုင်မူတစ်ခု၊ ကိုယ်ပိုင်ဟန်နဲ့ ကိုယ်ပိုင်စံတစ်ခုတော့ ရှိဖို့ လိုအပ်တယ်လို့ ယူဆတယ်။ ဘိန်းမှုန့်လုပ်ရောင်းတာတောင် ကိုယ့်ကိုယ်ပိုင်စံနဲ့ လုပ်ရောင်းတဲ့ဆိုင်က လူကြိုက်များပြီး ကားတွေတန်းစီ စောင့်ဆိုင်း ဝယ်ရလောက်တဲ့အထိ အောင်မြင်တယ်မဟုတ်လား။ အလုပ်သမား ခန့်ထားရာမှာ လူငယ်လူသစ် အစိမ်းသက်သက်ကို ခေါ်ယူခန့်ထားပြီး ကိုယ့်စိတ်ကြိုက်ပုံစံရအောင်

https://www.facebook.com/pages/မြန်မာ-စာအုပ်များ/532587203419984

http://myanmarebooksfree.blogspot.com/



လေ့ကျင့်သင်ကြားပေးတာက ပိုကောင်းတယ်။ အတွေ့အကြုံရင့်သူကို ခေါ်ယူခန့်ထားရင် ကိုယ့်ပုံစံ မဝင်ခင် သူ့မှာပါလာတဲ့ ပုံစံဟောင်း၊ အကျင့်ဟောင်းကို ဖျက်အောင် ဖျက်ဖို့က အချိန်တော်တော်ကုန်လိမ့်မယ်။ တချို့ဆိုရင် ခေါက်ရိုးကျိုး အသားကျနေတဲ့ စရိုက်ဟောင်းကို ဘယ်လို ပြင်ပြင် ပြင်လို့မရနိုင်ကြဘူး။ ခွေးမြီးကောက် ကျည်တောက်စွပ်သလိုပဲ ဖြစ်နေတတ်တယ်။

အဟာန်အတားဖြစ်

အလုပ်ထဲမှာ ဝါရင့် ဝါနု၊ စီနီယာ ဂျူနီယာ ခွဲခြားမှုဟာ ဗျူရို ကရေစီတို့ အော်တိုကရေစီတို့လို အာဏာရှင်စနစ် တစ်မျိုးမျိုးဆီကို ဦးတည်သွားစေနိုင်တယ်။ ဖွံ့ဖြိုးတိုးတက်မှုကို အဟန့်အတား ဖြစ်စေတယ်။ စီးပွားရေး တစ်ရှိန်ထိုးတိုးတက်လာတဲ့ နိုင်ငံတိုင်းလိုလိုဟာ ဗျူရိုကရေစီနဲ့ အော်တို ကရေစီစနစ်တွေကို ဖယ်ရှားပြီး အရည်အချင်းကို ဦးစားပေးတဲ့စနစ် (meritocracy)ကို ကျင့်သုံးခဲ့ကြတယ်ဆိုတာ တွေ့နိုင်တယ်။ အဲဒါကြောင့် ဝါတွေ သမ္မာတွေ၊ အတွေ့အကြုံတွေကို မကြည့်ဘဲ အရည်အချင်းကိုသာ ဦးစားပေး ရွေးချယ်သင့်တယ်လို့ ယူဆပါတယ်။

*မြန်မာသမာဓိဂျာနယ်၊ အတွဲ ၁၊ အမှတ် ၆*
*၂၈၊ ဇန်နဝါရီ၊ ၂၀၁၁။*

https://www.facebook.com/pages/မြန်မာ-စာအုပ်များ/532587203419984

http://myanmarebooksfree.blogspot.com/

## များများဖတ်၊ များများလေ့လာ၊ များများလုပ်

ဖဆပလခေတ်၊ မြန်မာ့ဆိုရှယ်လစ်ခေတ်နဲ့ လက်ရှိခေတ်ဆိုတဲ့ ခေတ်သုံးခေတ်ကို ဖြတ်သန်းလာခဲ့တဲ့ သတင်းစာသမားတစ်ယောက် အနေနဲ့ အခုထုတ်ဝေနေတဲ့ ဂျာနယ်တွေနဲ့ လူငယ် ဂျာနယ်သမားတွေ အပေါ် ဘယ်လို မြင်သလဲဆိုတဲ့ မေးခွန်းကို မကြာခဏအမေးခံရတယ်။

**အကဲဖြတ်ခံချင်**

ဒီခေတ် ဂျာနယ်လောကဟာ ရှေးခေတ်နဲ့ နှိုင်းယှဉ်ရင် တိုးတက် လာတယ်လို့ မြင်သလား။ ဆုတ်ယုတ်သွားတယ်လို့ မြင်သလားဆိုတဲ့ မေးခွန်းမျိုးလည်း မေးတတ်ကြတယ်။ ဂျာနယ်တွေမှာ လက်တွေ့ ဝင်ရောက် လုပ်ကိုင်နေတဲ့ လူငယ်လေးတွေက သူတို့ လုပ်ကိုင်နေတာတွေကို အကဲဖြတ် ခံချင်တဲ့သဘောနဲ့ မေးကြတာပါ။ ဘယ်သူမဆို ကိုယ့်လုပ်ရပ်များအပေါ် ထင်မြင်သုံးသပ်ချက်ကို ကြားချင် သိချင်ကြတာက သဘာဝမဟုတ်လား။ အဲဒါကြောင့် ဘယ်သူမေးမေး စိတ်ထဲ ရှိတဲ့အတိုင်း ပြောပါတယ်။ အများအမြင်နဲ့ တူတာရှိသလို မတူတာလည်း ရှိပါလိမ့်မယ်။

**အများဆုံးကာလ**

လက်ရှိကာလမှာ သပ္ပရန်ပေါင်းစုံ ဂျာနယ်တွေ ၁၇၀ လောက် ရှိပြီး အဲဒီထဲမှာ အပတ်စဉ်ထုတ် သတင်းစာလို့ ခေါ်ရမယ့် သတင်းဂျာနယ်ပေါင်း ခြောက်ဆယ်လောက် ရှိတယ်လို့သိရတယ်။ ဒါဟာ မြန်မာ့စာနယ်ဇင်းသမိုင်းမှာ အရေအတွက်အားဖြင့် အများဆုံးကာလလို့ သတ်မှတ်နိုင်တယ်။ ဘယ်ခေတ် ဘယ်အခါကမှ ဒါလောက်များတဲ့ စောင်ရေတွေ မရှိခဲ့ဖူးတာ အမှန်ပဲ။

https://www.facebook.com/pages/မြန်မာ-စာအုပ်များ/532587203419984

http://myanmarebooksfree.blogspot.com/



အရေအတွက်သာ များတာမဟုတ်ဘူး။ အရည်အသွေးအားဖြင့်လည်း အများကြီး တိုးတက်လာတယ်။ စက္ကူချောတွေနဲ့ ရောင်စုံပုံတွေနဲ့ ရှုချင်စရာ ဖြစ်လာတယ်။ ဂျာနယ်တချို့ဆိုရင် တစ်စောင်လုံးကို ရောင်စုံပုံတွေ ဝေဝေဆာဆာနဲ့ ရိုက်နှိပ် ထုတ်ဝေနိုင်ကြတယ်။

## အရည်အချင်းလည်း တိုးတက်

အရေအတွက်များပြီး ပုံနှိပ်အရည်အသွေး တိုးတက်ကောင်းမွန်လာရုံသာ မကပါဘူး။ အရည်အချင်းအနေနဲ့လည်း အများကြီး တိုးတက်လာပါတယ်။ နိုင်ငံတကာ သတင်းဓာတ်ပုံတွေကို ဖြစ်ဖြစ်ချင်း ပူပူနွေးနွေး ချက်ချင်း ဖော်ပြပေးနိုင်တယ်။ ရှေးက ဒီလိုမလုပ်နိုင်ဘူး။ သတင်းကိုသာ ကြေးနန်း၊ သတင်းဌာနတွေနဲ့ ရေဒီယိုတွေကြောင့် ဒီနေ့ ဖြစ်၊ မနက်ဖြန်ပါအောင် ထည့်နိုင်ပေမယ့် သတင်းဓာတ်ပုံကိုတော့ ဖော်ပြမပေးနိုင်ကြဘူး။ နှစ်ရက်၊ သုံးရက် နောက်ကျပြီးမှ ဖော်ပြနိုင်ကြတယ်။ အခုတော့ ကွန်ပျူတာ အင်တာနက် ကျေးဇူးကြောင့် ကမ္ဘာကြီးပေါ်မှာ နေ့စဉ် ဖြစ်ပျက်နေသမျှကို အင်္ဂလန်က၊ အမေရိကန်က သတင်းစာကြီးများနဲ့တန်းတူ သတင်းရော သတင်းဓာတ်ပုံတွေပါ ချက်ချင်း ဖော်ပြပေးနိုင်ကြပါတယ်။ ကမ္ဘာ့နိုင်ငံပေါင်းစုံက အသံမျိုးစုံကိုလည်း ထည့်ပေးနိုင်တယ်။

## မည့်ပါဘူး

ကမ္ဘာပေါ်မှာ ဖြစ်ပျက်နေသမျှ သတင်းတိုင်းကို ဒီနေ့ဖြစ်၊ မနက် ဖြန်ထုတ် စာစောင်မှာပါအောင် ထည့်ပေးနိုင်ဖို့အတွက် ဂျာနယ်သမား လုပ်ငန်းတွေ နေ့မအိပ် ညမအိပ် ကြိုးစားနေကြတာ ချီးကျူးဖို့ ကောင်းပါတယ်။ ရှေးခေတ်သတင်းသမားတွေရဲ့ ကြိုးစားအားထုတ်မှုထက် မည့်ပါဘူး။ တစ်ခုပဲရှိတယ်။ ပြည်တွင်းသတင်းတွေကျတော့ ကမ္ဘာ့သတင်းတွေလို ဒီနေ့ဖြစ်၊ မနက်ဖြန်ပါအောင် မလုပ်နိုင်ကြသေးဘူး။ တစ်ပြည်လုံးအနှံ့ အင်တာနက် မသုံးနိုင်ကြသေးတာလည်း ပါမှာပေါ့လေ။ ဒီတစ်ချက်သာ တိုးတက်အောင် လုပ်နိုင်ရင် မြန်မာပြည်က သတင်းဂျာနယ်တွေဟာ အနည်းဆုံးအားဖြင့် အိမ်နီးချင်းနိုင်ငံတွေက သတင်းစာတွေနဲ့ ပခုံးချင်း ယှဉ်နိုင်စွမ်းရှိလာမှာ သေချာပါတယ်။

https://www.facebook.com/pages/မြန်မာ-စာအုပ်များ/532587203419984

http://myanmarebooksfree.blogspot.com/



စွမ်းရည်မြှင့်သင်တန်း

လူငယ် ဂျာနယ်သမားလေးတွေအတွက် စွမ်းရည်မြှင့်သင်တန်းတွေ မရှိတာကိုလည်း လူငယ်တွေက အားမလိုအားမရဖြစ်ကြတယ်။ ဂျာနယ်သတင်းထောက်တွေ၊ အယ်ဒီတာတွေ၊ အယ်ဒီတာချုပ်တွေ အများကြီးနဲ့ နေ့စဉ် ထိတွေ့ဆက်ဆံနေရတဲ့ အတွေ့အကြုံအရ ပြောရရင်တော့ အယ်ဒီတာတွေနဲ့ အယ်ဒီတာချုပ်တွေအတွက် စွမ်းရည်မြှင့်သင်တန်း အရင်ဆုံး ဖွင့်ပေးသင့်တယ်ထင်တယ်။ ဘာကြောင့်လဲဆိုတော့ ဂျာနယ်တွေ ဖတ်လိုက်တဲ့အခါတိုင်း အယ်ဒီတာရဲ့လိုအပ်ချက်တွေ တစ်ပုံတစ်ခေါင်းကြီး နေ့စဉ်တွေ့နေရလို့ ဖြစ်တယ်။

ခေါင်းတပ်ပုံကအစ ပြောစရာ

ဂျာနယ်ကောက်ကိုင်လိုက်တာနဲ့ စာလုံးကြီးကြီးတွေနဲ့ ဖော်ပြထားတဲ့ သတင်းခေါင်းကအစ ပြောစရာဖြစ်တယ်။ သတင်းခေါင်းဆိုတာ သတင်းတစ်ပုဒ်လုံး မဖတ်အားသေးချိန်မှာ ခေါင်းကိုဖတ်လိုက်တာနဲ့ တစ်ပုဒ်လုံးခြုံငုံသိပြီး ဖြစ်သွားစေလောက်အောင် ရှင်းလင်း ပြတ်သားရမယ်၊ တိကျရမယ်၊ တိုတိုနဲ့ ပြည့်စုံရမယ်၊ ဒီနေ့ဂျာနယ်တွေမှာ တွေ့ရမြဲ သတင်းခေါင်းတွေက ရှည်လွန်း၊ ဖောင်းပွလွန်းတယ်။ တချို့ဆို တစ်ကြောင်း နှစ်ကြောင်းမက၊ စာကြောင်း၊ သုံးလေးကြောင်းထိတောင် ရှည်တယ်။ ရှည်တဲ့အထဲမှာ သည်းမခံနိုင်လောက်အောင် ရှုပ်ပျက်ဆင်းပျက်ဖြစ်တဲ့ စာကြောင်းခွဲပုံတွေ တွေ့ရသေးတယ်။

"၂၀၀၉ ခုနှစ် မြန်မာ့ရပ်ရှင် အကယ်ဒ
မီ ဆုနှင်းသဘင် နေပြည်တော် မြို့တော်ခန်း
မတွင် ကျင်းပ"

ဆိုတဲ့ ခေါင်းတပ်ပုံကို ကြည့်ပါ။ စာလုံးဖြတ်တောက်ပုံ စာကြောင်းခွဲခြားပုံ ရှုပ်ပျက်ဆင်းပျက် ဖြစ်နေတာကို တွေ့ရလိမ့်မယ်။

မတတ်တာလူသိ

အဲဒီခေါင်းတပ်ပုံ မြင်လိုက်တာနဲ့ အယ်ဒီတာဟာ အရည်အချင်း မရှိတဲ့ အယ်ဒီတာဆိုတာ ချက်ချင်း ကောက်ချက်ချလိုက်တယ်။ ကွန်ပျူတာ တစ်

https://www.facebook.com/pages/မြန်မာ-စာအုပ်များ/532587203419984

http://myanmarebooksfree.blogspot.com/



သမား မှားတာပြစ်ပြစ်၊ လေးအောက်ဒီဗိုင်းဆရာက နားမလည်တာ ပြစ်ပြစ်၊ စက်ပေါ်မတင်ခင် နောက်ဆုံး စစ်ဆေးကြည့်ရှုရမှာ အယ်ဒီတာဖြစ်တယ်။ တစ်လောက နိုင်ငံရေးပါတီ ခေါင်းဆောင်တွေကို အင်တာဗျူးလုပ်ပြီး ပြန်ရေးကြတဲ့အခါ ရွေးကောက်ပွဲကော်မရှင်ဆိုတာ virus မရှိရဘူးဆိုတဲ့ အရေးအသားမျိုး နှစ်ကြိမ်၊ သုံးကြိမ် တွေ့လိုက်တယ်။ အသံဖမ်းစက်ထဲက ပြန်ကူးရေးတဲ့ သတင်းထောက်က biased မရှိရဘူးလို့ ပြောတာကို နားမလည်တော့ သူသိတဲ့ virus ထင်ပြီး ရေးချလိုက်တယ်။ biased ဆိုတာက ဘက်လိုက်တာကို ပြောတာ။ virus ဆိုတာက ပိုးမွှားကို ပြောတာ။ သတင်းထောက်က မှားရေးလိုက်တာကို အယ်ဒီတာက မှားမှန်း မသိဘဲ ဒီအတိုင်း ထည့်လိုက်တော့ သတင်းထောက်ရော အယ်ဒီတာပါ မတတ်တာ လူသိသွားတာပေါ့။ ဘယ်လောက် ရှက်စရာကောင်းသလဲ။

## ပါလေရာ ငါးပိချက်

မတတ်သာ မတတ်တာ ဂျာနယ်ထဲမှာတော့ အယ်ဒီတာချုပ်တို့၊ စီအီးအိုတို့ တာဝန်ခံအယ်ဒီတာတို့ဆိုတာက တစ်ပြားမှ မလျှော့ဘူး။ ဟိုပွဲတက် အမှာစကား ပြောလိုက်၊ ဒီပွဲတက် ကံစမ်းမဲနှိုက်လိုက်နဲ့ ပါလေရာ ငါးပိချက် ဖြစ်နေကြတော့တယ်။ ဒီခေတ် နေရာတကာမှာ တွေ့ရတဲ့ အခက်ပေါင်းစုံထဲမှာ အခက်တကာ့အခက်ဆုံးက ရှက်စရာကို ရှက်စရာလို့မသိကြတဲ့ အခက်လို့ပဲ ထင်တယ်။ ဂျာနယ်တစ်စောင်ရဲ့ အယ်ဒီတာချုပ်ကြီး နာမည်ခံထားပြီးတော့ စီးပွားရေးသမားတစ်ယောက်ရဲ့ အရောင်းပြခန်း ဖွင့်ပွဲတက်ပြီး ကံစမ်းမဲနှိုက် ပေးတာ မသင့်တော်ဘူးဆိုတာ မသိဘူး။ စီးပွားရေးသမားနဲ့ ဒါလောက်ထိ ရင်းနှီးနေတော့ အဲဒီစီးပွားရေးသမားက မသမာမှုလုပ်ရင် သူက ဘာမှမရေးဘဲ နှာစေးနေမှာပဲလို့ စာဖတ်ပရိသတ်က ကောက်ချက်ချထားမှာ သေချာတယ်။

## အောက်သက်မကျေဘူး

အားတော့ အားနာတယ်။ ဒါပေမယ့် စေတုတ္ထမဏ္ဍိုင် မျက်နှာကို ထောက်ပြီး ပြောရတော့မှာပဲ။ အသက်နှစ်ဆယ်သာသာ သတင်းထောက် လေးတွေနဲ့ သတင်းထောက်မလေးတွေဆိုတာ မပြောနဲ့တော့။ အသက် လေးငါးဆယ်အရွယ် အယ်ဒီတာကြီးတွေတောင်မှ လုပ်ငန်းပိုင်းမှာ အောက်

https://www.facebook.com/pages/မြန်မာ-စာအုပ်များ/532587203419984

http://myanmarebooksfree.blogspot.com/



သက်ကျေကြတာ မဟုတ်ဘူး။ တချို့ဆို သတင်းကို သတင်းနဲ့တူအောင် မရေးတတ်ဘူး။ သတင်းကို ဆောင်းပါးလို ရေးလို့ရေး ဆောင်းပါးကို သတင်းလို ရေးလို့ရေးနဲ့ ဆယ်စုနှစ် တစ်ခုလောက် အတွင်းမှာ မှည့်ဝိုင်းသင် ဝင်းတဝါးဝါး လုပ်ရင်းနဲ့ တိုးတက်လာတဲ့ လူငယ်လေးတွေတော့ ရှိပါတယ်။ အဲဒီလို လူငယ်တွေ နှစ်ယောက် သုံးယောက်လောက်ရှိတဲ့ ဂျာနယ်တွေကတော့ ကြည့်လိုက်တာနဲ့ သိသာတယ်။ သတင်းဂျာနယ် ပီသကြတယ်။

## သင်တန်းတက်စားသူ

လူငယ်တွေက သင်တန်း သိပ်တက်ချင်ကြတယ်။ နိုင်ငံခြားသင်တန်းဆို သိပ်သွားချင်ကြတယ်။ တကယ်ကျတော့ လက်တွေ့အလုပ်ခွင်ဟာ အကောင်းဆုံး သင်တန်းပဲ ဆိုတာကို သဘောမပေါက်ကြလို့ သင်တန်းတက်ချင်ကြတာပါ။ အခုလက်ရှိ အခြေအနေမှာတောင် နိုင်ငံပေါင်းစုံက ရက်တိုရက်ရှည် သင်တန်းမျိုးစုံ သွားတက်ဖူးကြသူတွေ မနည်းတော့ပါဘူး။ ဒါပေမယ့် ထူးထူးခြားခြား ချွန်ထွက်လာသူရယ် လို့တော့ တစ်ယောက်မှ မတွေ့ပါဘူး။ မှန်တာပြောရမယ်ဆိုရင် အဲဒီသင်တန်းမျိုးစုံ သွားတက်ခဲ့သူ အတော်များများဟာ အကြောင်း အမျိုးမျိုးပြ ဆိုင်းဘုတ်အမျိုးမျိုးကိုင်ပြီး ဘယ်လို လုပ်စားရမယ်ဆိုတဲ့ အတတ်ကောင်း တတ်လာကြတာပဲ တွေ့ရတယ်။ အရင်ကတော့ အင်ဂျီအို လုပ်စားသူပဲရှိတယ်။ အခု 'အီလစ်'တွေထဲမှာ သင်တန်းတက်စားသူ၊ အစည်းအဝေး တက်စားသူတွေတောင် အများကြီးပါပဲ။

## သိစရာတွေ တစ်ပုံကြီး

ကလိုဘယ်ခေတ်၊ အင်တာနက်ခေတ်မှာ လေ့လာဆည်းပူးစရာတွေ နည်းတာ မဟုတ်ဘူး။ တနယ်ဝင်းသမားတစ်ယောက်အနေနဲ့ တစ်ပွန်း၊ တစ်စ သိထား တတ်ထားသင့်တာတွေ တစ်ပုံကြီးပဲ။ နိုင်ငံတကာ ဆက်ဆံရေး ပညာလည်း သိထားသင့်တယ်။ အလုပ်သမား အခွင့်အရေးနဲ့ ဥပဒေတွေလည်း သိထားသင့်တယ်။ လူ့အခွင့်အရေးအကြောင်းလည်း သိထားရမယ်။ မြန်မာနိုင်ငံက တရားမဥပဒေတချို့နဲ့ ရာဇဝတ်ဥပဒေ တချို့လည်း သိထားရမယ်။ အနိမ့်ဆုံးအားဖြင့် အသရေဖျက်မှု ဥပဒေနဲ့ ပုဒ်မ ၃၇၆ လောက်တော့ သိရမယ်။ လောင်းကစားဝိုင်း ဖမ်းတဲ့အခါ ဘယ်လိုဟာမှ

https://www.facebook.com/pages/မြန်မာ-စာအုပ်များ/532587203419984

http://myanmarebooksfree.blogspot.com/



လောင်းကစားမှုပြောက်တယ်ဆိုတာလည်း သိထားရမယ်။

များများဖတ် များများလုပ်

သင်တန်းဆိုတာက ဘယ်နိုင်ငံက ဘာသင်တန်းမဆို ယေဘုယျနဲ့ သဘာဝတရားလောက်သာ သင်ပေးနိုင်တာ ဖြစ်တယ်။ လက်တွေ့လုပ်ငန်းခွင်ထဲက အသေးစိတ်ကိစ္စတွေ သင်ပေးနိုင်တာ မဟုတ်ဘူး။ အဲဒါကြောင့် သင်တန်းတွေကိုချည်း အားကိုးမနေစေချင်ဘူး။ ကိုယ်တိုင် အားထုတ်မှ တိုးတက်နိုင်တာပါ။ များများဖတ်၊ များများလေ့လာပြီး ကိုယ်တိုင် များများလုပ်ပါလို့ တိုက်တွန်းချင်တယ်။ လက်တွေ့လုပ်ငန်းခွင်လောက် ကောင်းတဲ့သင်တန်း ဘယ်နိုင်ငံ၊ ဘယ်ကျောင်းမှာမှ မရှိပါဘူး။

*ပြည်သူ့ခေတ်ဂျာနယ်၊ အမှတ် ၁၊ အမှတ် ၃၀*
*၃၊ ဖေဖော်ဝါရီ၊ ၂၀၁၁*

https://www.facebook.com/pages/မြန်မာ-စာအုပ်များ/532587203419984

http://myanmarebooksfree.blogspot.com/

# ကြက်တူရွေးက တော်တော်၊ မယ်သော်က ကဲ

တနယ်ဝင်းအတတ်ပညာအကြောင်းဆောင်းပါးအတွေတွေနဲ့ တနယ်ဝင်းကျင့်ဝတ်တွေအကြောင်း အထူးအလေးထား ရေးသူတစ်ယောက် ဖြစ်တဲ့အတွက် လူငယ်တနယ်ဝင်းသမားလေးတွေက ဘယ်ဂျာနယ်ကို ကြိုက် သလဲ၊ ဘယ်ဂျာနယ်ကို ဂျာနယ်ကောင်းလို့ သတ်မှတ်သလဲဆိုတဲ့ မေးခွန်းမျိုး မကြာခဏ မေးတတ်ကြတယ်။

## မကြိုက်လည်း ဝယ်ဖတ်

တချို့လူငယ်တွေကတော့ အနားမှာ အမြဲရှိတဲ့ ဂျာနယ်ထပ်ကြီးကို တစ်စောင်ချင်း ဆွဲကြည့်ပြီး ကြိုက်လို့ ဝယ်ဖတ်တဲ့ ဂျာနယ်တွေလားလို့ မေးတတ်တယ်။ သူတို့ကိုတော့ မကြိုက်ပေမယ့် ဝယ်ဖတ်ရတာလည်း ရှိတယ်လို့ ပြောရတယ်။ ကိုယ်တိုင်က ဂျာနယ်ပေါင်းစုံအတွက် စာတွေ ရေးနေတာဆိုတော့ တတ်နိုင်သလောက် စုံအောင် ဖတ်ရတယ်။ မကောင်းဘူးဆိုတာ သိပေမယ့်လည်း ဘာတွေ မကောင်းတာလဲ၊ ဘယ်လို မကောင်းတာလဲဆိုတာ သိအောင်ဖတ်ရတယ်။ ဂျာနယ်တွေ ထွက်စ အချိန်ကဆို ထွက်သမျှအားလုံး ဝယ်ဖတ်တယ်။ အခု ဂျာနယ်တွေ တစ်ရာ့လေးငါးဆယ် ရှိလာတော့ အကုန် ဝယ်မဖတ်နိုင်တော့ဘူး။ အားကစား တစ်စောင်၊ မှုခင်းတစ်စောင်၊ ဂျမ္ဘူရ တစ်စောင်၊ ပျော်သုံးစောင် နဲ့ သတင်းဂျာနယ် လေးငါးခြောက်စောင်လောက်ပဲ ဝယ်ဖတ်နိုင်တော့တယ်။

## မျက်ခြည်မပြတ် လေ့လာ

ဒါတောင် တစ်နေ့တစ်နေ့ ဂျာနယ်ဖိုးက နည်းတာမဟုတ်ဘူး။

https://www.facebook.com/pages/မြန်မာ-စာအုပ်များ/532587203419984

http://myanmarebooksfree.blogspot.com/



ဂျာနယ်သမားလုပ်နေတော့ ဂျာနယ်တွေမဖတ်လို့ မဖြစ်ဘူး။ ခေတ်ရေစီးကြောင်းကို မျက်ခြည်မပြတ် လေ့လာနေဖို့ လိုအပ်တယ်။ စာရေးဆရာက ဒါလောက်များများမဖတ်လည်း စာရေးလို့ဖြစ်တယ်။ သူက စိတ်ကူးဉာဏ်စွမ်းအားနဲ့ စာရေးတာဆိုတော့ သတင်းနဲ့ အချက်အလက်တွေကို သိပ်အားကိုးစရာ မလိုဘူး။ ဒါတောင် စာများများဖတ်တဲ့ စာရေးဆရာနဲ့ စာသိပ်မဖတ်တဲ့ စာရေးဆရာလက်ရာ သိသိသာသာ ကွာခြားတယ်ဆိုတာ စာဖတ်ပရိသတ်က သိနိုင်တယ်။ သတင်းသမားကျတော့ စိတ်ကူးနဲ့ ရေးလို့ ရတာမဟုတ်ဘူး။ အဖြစ်အပျက်၊ အချက်အလက်တွေကို အခြေပြု ရေးရတာဖြစ်လို့ စာမဖတ်လို့ကို မရဘူး။ အထူးသဖြင့် သတင်းတွေကို မဖတ်လို့ မဖြစ်ကိုမဖြစ်ဘူး။

## ဘယ်ဟာ ဂျာနယ်ကောင်းလဲ

အဲဒါကြောင့် ကြိုးစားပြီး စာစုံအောင် ဖတ်နေရတယ်။ မှခင်းတွေ၊ ဂမ္ဘီရတွေ မကြိုက်ဘူး။ ဒါပေမယ့် ဖတ်ရတာပဲ။ အခုရက်ပိုင်းတော့ ဘယ်ဂျာနယ်တွေကို ဂျာနယ်ကောင်းလို့ သတ်မှတ်သလဲဆိုတဲ့ လူငယ်တွေရဲ့ အမေးကို ဖြေရတာလွယ်လို့ ဝမ်းသာသေးတယ်။ တခြား အချိန်တွေဆိုရင် ခုလို လွယ်လွယ်ပြောလို့ မရဘူး။ ဘာကြောင့်လဲဆိုတဲ့ အကြောင်းပြချက်ပါ ရှင်းပြနေရဦးမယ်။ ခုရက်ပိုင်းတော့ ရှင်းပြစရာ မလိုတော့ဘူး။ မင်္ဂလာဆောင် ဓာတ်ပုံတွေနဲ့ အကယ်ဒမီပုံတွေကို မျက်နှာဖုံးအပြည့် မထည့်တဲ့ဂျာနယ်ကိုရှာပြီး အဲဒါ ဂျာနယ်ကောင်းလို့ မှတ်ဆိုပြီး ပြောလိုက်ရုံပဲ။ သူတို့ဟာသူတို့ ရှာကြည့်လိမ့်မယ်။ လေးငါးစောင်ထက် ပိုပြီးတွေ့ရမှာမဟုတ်တာ သေချာတယ်။

## ကိုယ်ပိုင်အခွင့်အရေးပဲ

နိုဝင်ဘာ၊ ဒီဇင်ဘာလောက်က စပြီး ဂျာနယ်အတော်များများရဲ့ မျက်နှာဖုံးမှာ ပူပူနွေးနွေး မင်္ဂလာဆောင်ပြီးသွားတဲ့ မင်းသားနဲ့ မင်းသမီးရဲ့ ဓာတ်ပုံတွေနဲ့ သတင်းတွေ မပါတဲ့အပတ်ကို မရှိဘူး။ ဇိတ်စာ မဝေခင်က မင်္ဂလာရက် ခန့်မှန်းချက်တွေကို သတင်းလုပ်ပြီး ရေးကြ၊ ဇိတ်စာ ဝေပြီးတော့လည်း ဘယ်ဟိုတယ်မှာ လက်မှတ်ထိုးမယ်၊ ဘယ်ဟိုတယ်မှာ ဧည့်ခံမယ်၊ ဘယ်ဟိုတယ်မှာ ကျွေးမွေးမယ်ဆိုတာတွေ မစားရ ဝခမန်း

https://www.facebook.com/pages/မြန်မာ-စာအုပ်များ/532587203419984

http://myanmarebooksfree.blogspot.com/



ငွေကြေးနဲ့ ပြိုင်ကိုမပြိုင်နိုင်တော့ဘူး။ မျက်စိသောင် နောက်တယ်။ မင်္ဂလာ ဆောင်သူတွေကို မျက်စိနောက်တာ မဟုတ်ပါဘူး။ သူတို့တတ်နိုင်လို့ လုပ်ကြတာ လုပ်ပါစေ။ သူတို့ ကိုယ်ပိုင်အခွင့်အရေးပဲ။ ဘာမှ ပြောစရာ မလိုဘူး။

## မယ်တော်က ကဲ

ကြက်တူရွေးက တော်တော်၊ မယ်တော်က ကဲ ဆိုသလို ဖြစ်နေကြတဲ့ ဂျာနယ်တွေကတော့ အတော်ကို လွန်နေတာကြောင့် မပြောမဖြစ် ပြောရ တော့မယ်။ ပေါ့ပ်ကြိုက်တဲ့ အရွယ်တွေအတွက် ပေါ့ပ်သတင်းတွေ လိုအပ်ပါ တယ်။ လူငယ်တွေနှစ်သက်တဲ့ မင်းသား၊ မင်းသမီး ဓာတ်ပုံတွေ ဖော်ပြပေးတာ လည်း လုပ်ရပါတယ်။ ဒါပေမယ့် တစ်မျက်နှာအပြည့်လုံးနီးပါးလောက် ဓာတ်ပုံတွေ စီထည့်ထားတာမျိုးကတော့ ညံ့ဖျင်းတယ်လို့ထင်တယ်။ တချို့များ မင်းသမီးစီး ထားတဲ့ ဖိနပ်ကို ကြော်ငြာ ပေးချင်တဲ့အတွက် ခြေထောက်လှည့်ရိုက်ပြတာမျိုး ကတော့ ပရိသတ်ကို မရိုသေရာကျတယ်လို့ ယူဆပါတယ်။ ငါ့ပိုင်တဲ့ တမျက်နှာ ငါ လုပ်ချင်သလို လုပ်မယ်ဆိုတာ ဂျာနယ်လစ်ဇင်တော့ မဟုတ်ပါဘူး။

## အတွဲများအောင် မလုပ်နဲ့

ဂျာနယ်ဇင်းတော်တော်ဟာ လူတွေအတွက် အကျိုးရှိရာရှိကြောင်း၊ မသောင်းကျန်းဖို့လောက် အကျိုးမဲ့အောင်တော့ မလုပ်အပ်ပါဘူး။ အထူး သဖြင့် ဦးနှောက်ငယ်နေသေးတဲ့ ကလေးအရွယ်တွေ အတွဲ၊ များအောင်တော့ တွန်းမပို့သင့်ဘူး။ ဖိုဖိုမင်းသား၊ မင်းသမီးဆိုတာက အလုပ်သဘောအရ ကိုယ့်ကိုယ်ကိုယ် ထင်ပေါ်အောင် အမြဲ၊ ကြော်ငြာနေရသူတွေ ဖြစ်တယ်။ ပရိသတ်တွေပေါ်မှာ သူတို့ပုံတွေ အဆက်မပြတ်ပါစေအောင် လုပ်ရတာက သူတို့အလုပ်ရဲ့ သဘာဝ ဖြစ်တယ်။ အဲဒါကြောင့် အကြီးအကျယ် မင်္ဂလာ ဆောင်တဲ့ မင်းသားနဲ့ မင်းသမီးလောက်ကို အပြစ်မတင်ဘူး။ မှားလည်းနိုင်တယ်။

## အဓိကအရေး

ငြိမ်းချမ်းရေး၊ ဖွံ့ဖြိုးရေး၊ ကျန်းမာရေးအတွက် အနုပညာသည်တွေ အပါအဝင် လူတိုင်းကိုယ်စီက အကျုံးဝင်တဲ့ သိန်းတစ်ရာလောက် ရဖို့

https://www.facebook.com/pages/မြန်မာ-စာအုပ်များ/532587203419984

http://myanmarebooksfree.blogspot.com/



အားကြိုးမာန်တက် ရှာဖွေနေရတဲ့အချိန်မှာ သိန်းထောင်ချီကုန်တဲ့ မင်္ဂလာပွဲမျိုးကို ကြော်ငြာပေးတာမျိုးတော့ စာနယ်ဇင်းတွေက လုံးဝ မလုပ်အပ်ဘူး။ ဂျာနယ်တွေလုပ်ပုံက အားကျပြီး အတုမြင် အတတ်သင် လုပ်အောင် တွန်းပို့နေသလို ဖြစ်နေတယ်။ မင်္ဂလာပွဲတက်ဝတ်စုံတွေနဲ့ အကယ်ဒမီပွဲဝင် ဝတ်စုံတွေကို ကျောင်းသူလေးတွေ အတုခိုး ဝတ်ဆင်နေကြတာမျိုးတွေ တွေ့မြင်နေရတာ စိတ်မကောင်းစရာဖြစ်တယ်။ အဓိက တရားခံကတော့ ပေါ့ပ်စာနယ်ဇင်းတွေလို့တောင် ပြောလိုက်ချင်တယ်။

## လျှပ်ပေါ်ရဲ့ မကတော့ဘူး

ဂျာနယ်၊ မဂ္ဂဇင်းတွေထဲက လျှပ်ပေါ်လော်လီတဲ့ ဝတ်စားဆင်ယင်ပုံတွေကို မမြင်ရရင် ဘယ်လိုလုပ်ပြီး ကလေးတွေက အတုခိုးမှာလဲ။ မင်္ဂလာညစာစားပွဲ လာတက်ကြတဲ့ ပုံစံတွေက ပေါင်ကောင်လား။ ရှန်ဟဲလားလို့ ထင်မှတ်မှားရလောက်တဲ့ ပုံစံတွေ များပါတယ်။ မြန်မာ မိန်းကလေးတွေလို့ ဘယ်သူမှ ထင်မှာမဟုတ်ဘူး။ လျှပ်ပေါ်ရဲ့ မကတော့ဘူး။ ပြောင်ပြောင်ကို မပေါ်ပေါ်အောင် ဖော်နေကြတာ။ ပုံကြီးချဲ့ပြောတာ မဟုတ်ပါဘူး။ ပေါ့ပ်ဂျာနယ်တွေထဲက ဓာတ်ပုံတွေသာ ကြည့်လိုက်ပါ။

## အဆိပ်တွေ မပြန့်နဲ့

ဖျော်ဖြေရေးလောကသားတွေက လူတကာကို ဖျော်ဖြေနေတာတော့ ကိုယ့်ကိစ္စမဟုတ်လို့ ဘာမှမပြောချင်ဘူး။ လျှပ်ပေါ်လော်လီတာတွေကို ဘုန်းကြီးရှုးနဲ့ လေ့လူးလုပ်ပြီး အခမဲ့ ကြော်ငြာပေးနေ ကြတာတွေကတော့ ကိုယ့်စာနယ်ဇင်းနယ်ပယ်က ကိစ္စဖြစ်လို့ မပြောရင် မဖြစ်ဘူး။ စာနယ်ဇင်းဆိုတာ တိုင်းကျိုးပြည်ကျိုးဆောင် အလုပ်မျိုး မလုပ်နိုင်ရင်တောင် အဆိပ်အတောက်တွေ မပြန့်ဝေမီအောင်တော့ အနည်းဆုံး ထိန်းသိမ်းသင့်ပါတယ်လို့ နှိုးဆော်လိုက်ပါရစေ။

***The Hot News* အတွဲ ၁၊ အမှတ် ၂၄**
***၄၊ ဖေဖော်ဝါရီ၊ ၂၀၁၁။***

https://www.facebook.com/pages/မြန်မာ-စာအုပ်များ/532587203419984

http://myanmarebooksfree.blogspot.com/

# အများကြီး ကြိုးစားရဦးမယ်

တစ်ညက ရုပ်မြင်သံကြား အစီအစဉ်တစ်ခုကို အမှတ်မထင် ကြည့်ဖြစ်သွားတယ်။ သီချင်းဆိုပြိုင်ပွဲ အစီအစဉ်တစ်ခုပါ။ သီချင်းဆိုကြတာတွေတော့ ပြီးသွားပါပြီ။ ဆုပေးရင်းနဲ့ ဒိုင်လူကြီးလုပ်တဲ့သူတွေက ဘယ်သူ့ကို ဘာကြောင့် ပထမဆု၊ ဒုတိယဆု စသဖြင့် ပေးရတယ် ဆိုတာကို ရှင်းပြနေတာ တွေ့ရတယ်။

**တတ်ကျွမ်းနားလည်သူဆိုတော့**

အဆိုတော်ကြီးတစ်ယောက်က ရှင်းပြနေတာကို စိတ်ဝင်စားတာနဲ့ ကြည့်နေမိတယ်။ အသံက ဘယ်လို၊ တုန်းက ဘယ်ပုံ၊ ကာလာက ဘယ်သို့ဆိုတာတွေ ရှင်းပြတာ စိတ်ဝင်စားစရာကောင်းတယ်။ အကဲဖြတ်ခံနေတဲ့ အဆိုတော်ကလည်း ခေါင်းတညိတ်ညိတ်နဲ့ နားထောင်ရင်း ကျေနပ်နေပုံရတာကို တွေ့ရတယ်။ သူဆိုတာ ဘယ်နေရာ မှားသွားတယ်၊ ဘယ်နေရာ လိုသွားတယ်လို့ ထောက်ပြနေတာကိုပဲ ဝမ်းသာစွာနဲ့ နားထောင်နေတယ်။ ရှင်းပြနေတဲ့ ဒိုင်လုပ်သူက ဂီတပညာကို အသေအချာ တတ်ကျွမ်းနားလည်သူဆိုတော့ ဝေဖန်ထောက်ပြခံရသူက မကျေမနပ် ဖြစ်စရာ မရှိအောင်ကို တစ်ချက်ချင်း ထောက်ပြသွားတာ နားထောင်သူတောင် ဗဟုသုတ ရစေတယ်။

**ဝန်တကျ လုပ်ကိုင်ဆောင်ရွက်**

ဒီအစီအစဉ်လေးကို ကြည့်ပြီးတော့ ဓါသနာရှင် လူငယ်၊ လုံမငယ်

https://www.facebook.com/pages/မြန်မာ-စာအုပ်များ/532587203419984

http://myanmarebooksfree.blogspot.com/



လေးများကို ပြောင်းပြောင်းမြောက်မြောက်ပေးဖို့ဆိုတဲ့ ရည်ရွယ်ချက်ကို သေသေချာချာ စနစ်တကျ လုပ်ကိုင်ဆောင်ရွက်နေကြတာပါလားလို့ အသိအမှတ် ပြုလိုက်ဝိတယ်။ ဒီခေတ်မှာ ဒီလို အလေးအနက်လုပ်တာမျိုးက တော်တော်ရှားတယ်။ လူကြားကောင်းရုံလောက် ကြော်ငြာပြီး ပြစ်ကတတ်ဆန်း ပြီးပြီးရောလုပ်တာမျိုးတွေပဲ များတယ်။ ဒိုင်လုပ်သူတွေကလည်း သူတို့အလုပ်ကို သူတို့ လေးလေးစားစားရှိတာ တွေ့ရတယ်။ ဝေမှန်ခံရသူ ကိုယ်တိုင်က ကျေနပ်စွာနဲ့ ပြုံးပြီး နားထောင်နေကြတယ်။ လုပ်ပွဲမဟုတ်ဘူးဆိုတာ ယုံကြည်ကြပုံပေါ်တယ်။ ပညာရပ်ဆိုင်ရာကို အမှန်တကယ် တတ်ကျွမ်းနားလည်သူ 'ပရော်ဖက်ရှင်နယ်' စစ်စစ်တွေ ဆိုတော့လည်း နားမည်ပျက်ခံပြီး မဟုတ်တာတော့ လုပ်မှာမဟုတ်ဘူး ဆိုတဲ့ယုံကြည်မှု အစကတည်းက ရှိထားကြပုံပါပဲ။

## ယုံကြည်မှုရဲ့သဘော

ဒိုင်လုပ်သူတွေရဲ့ ကိုယ့်အလုပ်၊ ကိုယ့်ပညာရပ်အပေါ် တန်ဖိုးထားလေးစားမှုနဲ့ အဆိုဝါသနာရှင် လူငယ်လေးတွေရဲ့ တုံ့ပြန်မှုတွေကို ကြည့်ပြီးတော့ 'ယုံကြည်မှု'ရဲ့ အဓိပ္ပာယ်ကို ကောင်းကောင်း နားလည်သွားရတယ်။ ယုံကြည်မှုဆိုတာ လုပ်ယူလို့ ဖန်တီးတည်ဆောက်ယူလို့ ရတာမျိုး မဟုတ်ဘူး။ အခြေခံကိုက စစ်မှန်မှ ပေါ်ပေါက်လာနိုင်တာမျိုး ဖြစ်တယ်လို့ သိမြင်သဘောပေါက်သွားတယ်။ ဒိုင်လူကြီးအဖြစ် ဆောင်ရွက်သူတွေက သူတို့ဟာ ညာဝါးပြီးဖြန်းပြီး လုပ်စားနေသူတွေ မဟုတ်ဘူး။ အသံအကြောင်း၊ အဆိုပညာနဲ့ ဂီတအကြောင်း နှောကျေနေတဲ့သူတွေ ဖြစ်ကြောင်း၊ လက်တွေ့အလုပ်နဲ့ သက်သေပြသွားကြတယ်။ တစ်ခုချင်း၊ တစ်ခုချင်း ဆစ်ပိုင်းပြီး အကဲဖြတ်ဝေဖန်သွားတာတွေကို ဘယ်သူမှ အငြင်းမပွားနိုင်ဘူး။ သူတို့ရဲ့ပညာကို လက်တွေ့ထုတ်ပြသွားတယ်။

## ပညာရှင်ဆိုတာ

အဆိုပြိုင်ပွဲလေး တစ်ခုကနေ 'ယုံကြည်မှု'ရဲ့ အဓိပ္ပာယ်ကို သဘောပေါက်နားလည်သွားသလို 'ပညာရှင်'ဆိုတာ ဘယ်လိုဟာလဲ ဆိုတဲ့အကြောင်းလည်း သိသွားတယ်။ ဒိုင်လုပ်သူတွေရဲ့ အကဲဖြတ် သုံးသပ်ချက်တွေထဲမှာ ဂီတပညာရှင်ကြီး မိုးဇက်က ဘယ်လိုပြောတယ်၊ ချိုက်ကောစကီးက

https://www.facebook.com/pages/မြန်မာ-စာအုပ်များ/532587203419984

http://myanmarebooksfree.blogspot.com/



ဘယ်လိုဆိုခဲ့တယ်၊ ဘီသိုဗင်ကတော့ ဘယ်လို ရေးခဲ့တယ်ဆိုတဲ့ လူအထင်ကြီးအောင် အကိုးအကားတွေ ရွတ်ပြတာမျိုး တစ်လုံးမှမပါဘူး။ လူငယ်တွေရဲ့အသံ ဘယ်နေရာမှာ ကီးလွဲပြီး ကြောင်သွားတယ်၊ ဘယ်နေရာက အဆွဲမှာ အသံနစ်သွားတယ်၊ ဘယ်နေရာမှာတော့ မူရင်းဆိုသွားတဲ့ အဆိုတော်လို ကာလာထည့် မသွားနိုင်ဘူး ဖြစ်သွားတယ်ဆိုတဲ့ လက်တွေ့ကျတဲ့ အကဲဖြတ် သုံးသပ်ချက်မျိုးတွေပဲ တွေ့ရတယ်။

### စာကူးသမားတွေ

ဒီမှာတင် ပညာရပ်တစ်ခုကို အမှန်တကယ် တတ်ကျွမ်း နားလည်တဲ့ ပညာရှင်တွေဆိုတာ သူများပြောတာတွေကို ကိုးကားရွတ်ပြတာ မျိုး မလုပ်တတ်ကြဘူး။ လက်တွေ့အခြေအနေကို သူတို့သိတဲ့၊ မြင်တဲ့အတိုင်း၊ နားလည်ခံစားရတဲ့အတိုင်း ပြန်ပြောပြတတ်သူတွေဖြစ်တယ် ဆိုတာကို သဘောပေါက်သွားတယ်။ ကိုယ်ပိုင်အမြင်၊ ကိုယ်ပိုင် သုံးသပ်ချက်၊ ကိုယ်ပိုင် အယူအဆ ဘာတစ်ခုမှမရှိဘဲ သူများ ပြောခဲ့၊ ရေးခဲ့တာတွေကို ပုံတူကူးချပြီး ပြန်ပြော၊ ပြန်ရေးလုပ်နေသူများကို ပညာရှင်လို့မခေါ်ဘဲ စာကူးသမား တွေလို့သာ ခေါ်ထိုက်ကြောင်း သိသွားခဲ့ရတယ်။ ခုတလောမှ ပေါ်ထွက်လာတဲ့ စီးပွားရေးပညာရှင်တို့ နိုင်ငံရေးပညာရှင်တို့ဆိုတဲ့ ဂျာနယ်လုပ်ပညာရှင်တွေဟာ ဘယ်လိုအမျိုးအစားထဲမှာ ပါသလဲဆိုတာလည်း ဆက်ပြီး တွေးဆနေမိတယ်။

### စာပေလောကပဲ ငုံ့စောင်းကြည့်

နိုင်ငံရေးတို့၊ စီးပွားရေးတို့ဆိုတာက ကျယ်ဝန်း ရှုပ်ထွေးပါသေးတယ်။ ကိုယ်နဲ့နီးစပ်တဲ့ စာပေလောက ကျဉ်းကျဉ်းလေးကိုပဲ ငုံ့စောင်းကြည့်ချင်ပါတယ်။ ဂျာနယ်၊ မဂ္ဂဇင်းတွေထဲမှာ နယ်က စာရေးဆရာတွေရဲ့ ညည်းညူသံတွေ တစ်ခါတလေ ဖတ်ရတယ်။ စာမူပို့ပြီး ရွေး၊ မရွေး သိဖို့က တစ်နှစ် ကျော်ကြာတယ်။ ရွေးထားကြောင်း သိရပြီးတဲ့နောက် စာစောင်ထဲပါဖို့က တစ်နှစ်လောက် ကြာတယ်။ ပါလာတော့လည်း သူများပြောမှ သိရလို့ စာစောင်လိုက်ရှာဝယ်တော့ ပြန်ပိတ်လိုက်ပြီဖြစ်လို့ ဝယ်မရတော့ဘူး။ နယ်က ကလောင်ရှင်တွေဆီ စာအုပ်နဲ့ စာမူခ ဘယ်ဂျာနယ်၊ မဂ္ဂဇင်းကမှ တလေးတစား ပို့မပေးကြပါဘူးဆိုတဲ့ ညည်းညူသံတွေပါ။ လွန်ခဲ့တဲ့ ဆယ်နှစ်ကျော်ကလည်း

https://www.facebook.com/pages/မြန်မာ-စာအုပ်များ/532587203419984

http://myanmarebooksfree.blogspot.com/



ဒီအသံတွေ ကြားရ၊ ဖတ်ရတယ်။ အခုထိလည်း ကြားရ၊ ဖတ်ရဆဲပါ။

**အယ်ဒီတာတွေက အရေထူပြီးသား**

နယ်ကလောင်ရှင်များဟာ ဝါသနာကို တားမရလို့သာ စာတွေ ရေးပြီး ပို့နေကြတာ။ ဘယ်စာစောင်ကိုမှ ယုံယုံကြည်ကြည်ရှိလှတာ မဟုတ်ပါဘူး။ အယ်ဒီတာတွေဟာ နီးစပ်ရာချင်းပဲ စာမူ လဲထည့် နေကြတယ်။ ဒါမှမဟုတ် တစ်ယောက်တည်းပဲ နာမည်အမျိုးမျိုးနဲ့ရေးပြီး စာမူခထုတ်ယူနေကြတယ်။ တချို့ဆို ဗိန်းမနာမည်၊ သားနာမည်၊ သမီးနာမည်တွေနဲ့ အမျိုးမျိုး လှည့်ထုတ်နေကြတယ်ဆိုတာတွေ သိနေကြပါတယ်။ သိကြောင်း မကြာခဏ ထုတ်ဖော်ရေးသားကြတယ်။ ရေးလို့ ထူးခြားပြောင်းလဲသွားမယ် မထင်နဲ့။ အယ်ဒီတာတွေက အရေထူပြီးသား။ သူတို့ကိုပြောတာ မဟုတ်သလိုပဲ မသိချင်ယောင်ဆောင်နေနိုင်ကြတယ်။

**စာရေးဆရာမှာ သိခွင့်ရှိတယ်**

နယ်ကလူတွေမို့ မသိချင်ယောင်ဆောင်နေတယ် မထင်နဲ့။ ရန်ကုန်က လူငယ်ကလောင်သစ်တွေအပေါ်လည်း အလားတူ ဆက်ဆံတာပဲ။ လူငယ်လေးတွေ မကြာခဏ လာပြီးရင်ဖွင့်ကြလို့ သိနေရတယ်။ လူငယ်လေးတွေ ရင်ဖွင့်ကြတဲ့အထဲမှာ အယ်ဒီတာက စာမူတစ်ပုဒ်ကို ပယ်တဲ့ အခါမှာ ဘာကြောင့်ပယ်ရသလဲဆိုတဲ့အချက်ကို ရှင်းပြဖို့ တာဝန်မရှိဘူးလားဆိုတာ တစ်ခုပါတယ်။ သွားမေးတဲ့အခါမှာ စာမူလည်း ပြန်မရဘူး။ ဘာအဖြေမှလည်း မပေးဘူးဆိုပြီး တော်တော် မကျေမချမ်းဖြစ်ကြတယ်။ ဒါဟာ ဖြစ်ထိုက်တယ်လို့ ယူဆတယ်။ စာမူတစ်ပုဒ်ဆိုတာ လွယ်လွယ်နဲ့ ဖြစ်တာမဟုတ်ဘူး။ ကြိုးစားပမ်းစား ရေးထားရတဲ့ စာတစ်ပုဒ်ကို ပယ်တယ်၊ ဖြုတ်တယ်ဆိုရင် ဘာကြောင့်ဆိုတာ စာရေးဆရာအနေနဲ့ သိခွင့်၊ မေးခွင့်ရှိတယ်။ အယ်ဒီတာပဲဆိုပြီး လုပ်ချင်သလိုလုပ်တာမျိုး မရှိသင့်ဘူး။ အကျိုးသင့် အကြောင်းသင့်တော့ ရှင်းပြရမယ်။

**မလေးစားရာကျတယ်**

ကလောင်သစ် လူငယ်လေးတွေဆိုရင် အယ်ဒီတာရဲ့ ရှင်းပြချက်ဟာ

https://www.facebook.com/pages/မြန်မာ-စာအုပ်များ/532587203419984

http://myanmarebooksfree.blogspot.com/



အများကြီး ပညာရစေနိုင်တယ်။ ကိုယ့်အားနည်းချက်၊ လိုအပ်ချက်တွေကို သိမြင်ပြီး ပြုပြင်နိုင်တယ်။ ဆက်ကြိုးစားပြီး စာရေးဆရာ တစ်ယောက်အဖြစ် ရောက်ရှိသွားနိုင်တယ်။ ပညာရတာ၊ မရတာက တစ်ပိုင်းထားပါ။ စာရေးဆရာတစ်ယောက် ရေးထားတဲ့ စာတစ်ပုဒ်ကို ဖြုတ်တယ်၊ ဖြတ်တယ်၊ ပယ်တယ်ဆိုရင်တော့ အကြောင်းပြချက်တစ်ခု ပေးဖို့ တာဝန်ရှိကြောင်း သိသင့်တယ်။ ဘာအကြောင်းပြချက်မှ မပေးဘဲ ဖြုတ်တယ်၊ ပယ်တယ် ဆိုရင်တော့ စာရေးဆရာကို မလေးစားရာ ကျတယ်။ စာပေလောကသားချင်း တစ်ဦးကိုတစ်ဦး လေးစားမှုလေးလောက်တော့ ရှိသင့်တယ်။

လက်နှစ်ဖက်တပဲ့ရှိ

ရုပ်မြင်သံကြားမှာ မြင်တွေ့ခဲ့ရတဲ့ သီချင်းဆိုပြိုင်ပွဲက ဒိုင်လူကြီး များရဲ့ လုပ်ရပ်တွေကိုကြည့်ရင်း စာပေလောကသားထဲက အယ်ဒီတာတွေလည်း အလားတူ ပရော်ဖက်ရှင်နယ် ပီသစေချင်တဲ့စိတ်တွေ ပေါ်ထွက်လာတယ်။ ပရော်ဖက်ရှင်နယ်ပီသတဲ့ အယ်ဒီတာတွေ များများရှိနေမှ စာပေလောက သားအားလုံးရဲ့ ယုံကြည်ကိုးစားမှုကိုရပြီး ဂျာနယ်၊ မဂ္ဂဇင်းတွေရဲ့ ဂုဏ်သိက္ခာလည်း တင့်တင့်တယ်တယ်ရှိလာမှာ ဖြစ်တယ်။ အခုလောလောဆယ် ထုတ်ဝေနေတဲ့ ဂျာနယ်၊ မဂ္ဂဇင်းပေါင်း ၃၀၀ ကျော်ရှိတယ်လို့ သိရပါတယ်။ အားနာနာနဲ့ အမှန်အတိုင်းပြောရရင် လူရိုသေ၊ ရှင်ရိုသေနေရာကိုရောက်နေတဲ့ ဂျာနယ်၊ မဂ္ဂဇင်းဆိုလို့ လက်ချိုးပြီး ရေတွက်ကြည့်လိုက်ရင် လက်နှစ်ဖက် စာထက် မပိုဘူးလို့ပဲ ပြောရပါလိမ့်မယ်။ ကျွန်တော်တို့ အများကြီးကို ကြိုးစားကြရပါဦးမယ်။

*TRUE NEWS* အတွဲ ၃၊ အမှတ် ၂၄

၈၊ ဖေဖော်ဝါရီ၊ ၂၀၁၁။

https://www.facebook.com/pages/မြန်မာ-စာအုပ်များ/532587203419984

http://myanmarebooksfree.blogspot.com/

# ယုန်နှစ်မှာ ယုန်သားစားခြင်း

တရုတ်ပြက္ခဒိန်အရ ဒီနှစ်က ယုန်နှစ်ဖြစ်တယ်။

ထူးထူးခြားခြား တိုက်တိုက်ဆိုင်ဆိုင် တရုတ်နှစ် သစ်ကူးနေ့မှာ ယုန်သား လက်ဆောင်ရတယ်။ မန္တလေးက မိတ်ဆွေတစ်ယောက်က နေပြည်တော် ကအပြန် လမ်းမှာတွေ့လို့ ဝယ်လာခဲ့ပြီး ကားဂိတ်ကတစ်ဆင့် ပို့လိုက်တာ။ မနှစ်ကလည်း သူ ပို့ပေးလို့ နှစ်ငါးဆယ်လောက်အတွင်း ပထမဆုံးအကြိမ်အဖြစ် ယုန်သားစားလိုက်ရတယ်။ ဘုတလင်ကရလို့ ပို့လိုက်တာတဲ့။

## တိုင်း၍ရက်တဲ့ ပက္ကလာ

သူက မန္တလေးသားစစ်စစ်ဆိုတော့ အညာစာတွေ ကြိုက်တတ်တယ်။ တစ်ခါတလေ တယ်လီဖုန်းထဲက နေပြီးတောင် အညာစာတွေ အကြောင်း သူပြောတာ နားထောင်ရင်း သရေ(သွားရည်)ကျရတယ်။ ညက်ညက်ကလေးနဲ့ အပြောလည်းကောင်းတယ်။ သူ ယုန်သားပို့တဲ့ နေ့မှာပဲ နမတွေကလည်း ထုံးစံအတိုင်း အညာစာတွေ ဘူးကြီးတစ်ဘူး နဲ့ ပို့လိုက်တော့ တိုင်း၍ရက်တဲ့ ပက္ကလာဆိုသလို ဖြစ်သွားတယ်။ နမတွေ ပို့တဲ့အထဲမှာက တမာရွက်နဲ့ ထနောင်းရွက်ပါသလို ခွေးတောက်ရွက် လည်း ပါတယ်။ တစောင်းခါးလည်း ပါတယ်။ ပဲနဲ့ ဆီးသီးလည်း ပါတယ်။ ပဲမြစ်နဲ့ ခေါ်ပုတ်တောင် မကျန်ဘူး။ နည်းနည်းနဲ့ စုံအောင် ထည့်ပေးလိုက်တာလို့ ပြောပေမယ့် တစ်မျိုးတစ်မျိုးကို နည်းတာမဟုတ်ဘူး။ တစ်ဆင့်တောင် ပြန်ပြီး ခွဲဝေပေးရသေးတယ်။

https://www.facebook.com/pages/မြန်မာ-စာအုပ်များ/532587203419984

http://myanmarebooksfree.blogspot.com/



## ယုန်သားနဲ့ ခွေးတောက်ရွက်ဟင်းချို

တိုင်း၍ရက်တဲ့ ပက္ကလာလို ပြောလိုက်တာက ယုန်သားနဲ့ ခွေးတောက်ရွက် သိပ်ပြီး လိုက်ဖက်လို့ပါ။ ယုန်သားပြုတ်တဲ့ အရည်ထဲကို ခွေးတောက်ရွက်ကလေးခပ်ပြီး သောက်ရတဲ့အရသာက သိပ်ကောင်းတာ။ ပြုတ်ထားတဲ့ ယုန်သားကိုထောင်းပြီး ကြက်သွန်နီပါးပါးလှီး ဆီရွှဲရွှဲလေးနဲ့ စားရတာကလည်း ဘာနဲ့မှမတူအောင် အရသာရှိလှပါတယ်။ ယုန် သားက ကြက်သားထက်နူးညံ့ပြီး ပိုချိုတယ်။ ချက်စား၊ ကြော်စား၊ ပြုတ်ထောင်း ကြော်စား၊ အမျိုးမျိုး စားလို့ရတယ်။ အဲဒီနေ့ကတော့ ယုန်သားထောင်း၊ ခွေးတောက်ရွက်ဟင်းချို၊ ပဲနပ်၊ မရမ်းသီးထောင်း၊ ထနောင်းရွက်သုတ်နဲ့ အညာပြန်ရောက်နေသလို အောက်မေ့ရတယ်။

## လပေါ်က ယုန်လို

ရန်ကုန်ရောက်ကတည်းက ယုန်သားကို ခဏခဏ သတိရနေတယ်။ မနှစ်ကမှ မိတ်ဆွေရဲ့ကျေးဇူးကြောင့် စားရတာ။ ဒီနှစ် ယုန်နှစ်မှာလည်း ယုန်သားစားရတော့ လပေါ်က ယုန်ကလေးလို အသက်ရှည်မယ့် ပုံပဲ။ ထမင်းစားရင်းကနေ ငယ်ဘဝကို ပြန်ပြီးတွေးမိတယ်။ ငယ်ငယ်တုန်းက တရုတ်တန်းဈေးမှာ ယုန်သားရလေ့ရှိတယ်။ ယုန်သားကို ထောင်းဖို့ အသားကိုနွှင်တော့ ထွက်လာတဲ့ အရိုးတွေကို ဟင်းချိုအိုးထဲ အမေက ပစ်ထည့်တတ်တယ်။ ဟင်းချိုက ပိုချိုတာပေါ့။ မရမ်းသီး မပေါ်တဲ့အချိန်ဆိုရင်တော့ မန်ကျည်းသီးထောင်းနဲ့လည်း လိုက်ဖက်ပါတယ်။ မန်ကျည်းသီးထောင်းပေါ်မှာ ပင်စိမ်းရွက်ကလေးတွေ အုပ်လိုက်ရင် အနံ့ကလေး မွှေးနေတာပေါ့။

## အဆောင်တွေထဲ ပြေးဝင်လာကြ

ရန်ကုန်မှာတော့ ယုန်သားစားလေ့ မရှိကြဘူး။ ရောင်းတာလည်း မတွေ့ဖူးဘူး။ မွေးဖို့ရောင်းတဲ့ ယုန်တွေပဲ ရှိတယ်။ ပေါပေါမရလို့ မစားတတ်ကြတာ ထင်ပါရဲ့။ မန္တလေးမှာတော့ ငယ်စဉ်က တော်တော်ပေါတယ်။ မန္တလေး တက္ကသိုလ်ရဲ့ ယောက်ျားလေးအဆောင်နှစ်ဆောင် ဖြစ်တဲ့ အောင်မင်္ဂလာဆောင်နဲ့ ရွှေပြည်အေးဆောင် ဆောက်ပြီးစကဆို အဆောင်ထဲကို ယုန်ကလေးတွေ ပြေးပြေးလာတတ်တယ်။ အဆောင်တွေရဲ့ အရှေ့ဖက်မှာက လယ်ကွင်းတွေနဲ့ ထန်းတောတွေ ရှိတာကိုး။ ယုန်လိုက်ရုံလောက်တော့

https://www.facebook.com/pages/မြန်မာ-စာအုပ်များ/532587203419984

http://myanmarebooksfree.blogspot.com/



အဝေးကြီးသွားစရာ မလိုဘူး။ တက္ကသိုလ် ဝန်းကျင်မှာတင် ရတယ်။

## ဆင်အုပ်နဲ့ တိုး

သေနတ်ပစ် ဝါသနာမပါပေမယ့် တောလည်တာ ဝါသနာပါလို့ သူငယ်ချင်းတွေ တောပစ်ထွက်ရင် လိုက်လေ့ရှိတယ်။ ပလိပ်လောက် ထွက်လိုက်ရုံနဲ့ တောဝက်ကောင်းကောင်းပစ်ရတယ်။ မတွေ့တဲ့အခါ မရှိသလောက်ပဲ။ ထုံးဘိုတို့၊ ရွှေတရုံတို့ဘက်ထွက်ရင် တောဝက်သာ မက ဒရယ်တို့၊ ဂျီ(ချေ)တို့ပါ ရတယ်။ တစ်ခါကဆို နားငှောင်းကျ ချောင်းဖျားမှာ သူငယ်ချင်းတွေက ဂျီလိုက် ချောင်းနေတုန်း တစ်ယောက်တည်း သရက်သီး လိုက်ကောက်နေမိတယ်။ သရက်တောကြီးက နေပြောက်တောင် မထိုးဘူး။ ကြွေကျတဲ့ သရက်ကင်းကလေးတွေ လိုက်ကောက်နေတုန်း ဆင်လေး ငါးကောင်အုပ်နဲ့တိုးလို့ ပြေးရတာ ကောင်းကောင်း မှတ်မိနေသေးတယ်။ နှစ်ဆယ့်တစ်မိုင် ဝန်းကျင်မှာ တစ်ခါတလေ ကျားတွေ့ရတယ်။ အဲဒီအချိန်က မေမြို့(ပြင်ဦးလွင်)အတက် တောင်ကြောတွေမှာ ရေထွက်ကလေးတွေ၊ စမ်းချောင်းကလေးတွေက သိပ်ပေါတာ။

## မှဆိုးလည်း သူ့စရိုက်နဲ့သူ

ရေထွက်ကလေးတွေနေရာမှာ သားကောင်မျိုးစုံ ရေသောက်လာလေ့ ရှိတယ်။ တောပစ်သူတွေက ရေထွက်နေရာက စောင့်ပြီးပစ်ရုံပဲ။ သူငယ်ချင်းတွေက တောဝက်ကိုပဲ ရှာကြတာများတယ်။ ဝက်မရမှ ဒရယ် တို့၊ ဂျီ(ချေ)တို့ ပစ်ကြတယ်။ မုဆိုးလည်း သူ့စရိုက်နဲ့သူ သေနတ်ကိုင်ပြီး မည်းမည်းမြင်တိုင်း လျှောက်ပစ်နေတာမဟုတ်ဘူး။ ငယ်စဉ်ကလည်း လေးခွတောင်မကိုင်ဖူးဘူး။ တောလည်ရတာကို ပျော်တာ။ တောထဲ ရောက်ရင် ဆီးသီးခူးမယ်။ မရမ်းသီးကောက်မယ်။ ဒါပဲ။

## မိဘမဲ့ ဝက်ဝံလေးနှစ်ကောင်

တစ်ခါက ထုံးဘိုတို့၊ ကျောက်ချောတို့ဘက် တောလည်ရင်း မိဘမဲ့ ဝက်ဝံလေးနှစ်ကောင် တွေ့ခဲ့ရတာကို မှတ်မိသေးတယ်။ ဝက်ဝံလေးတွေက တစ်လသားအရွယ်လောက်ပဲ ရှိဦးမယ်နဲ့ တူပါတယ်။ ဝက်ဝံမကြီးက

https://www.facebook.com/pages/မြန်မာ-စာအုပ်များ/532587203419984

http://myanmarebooksfree.blogspot.com/



တစ်ယောက်ယောက်လက်ချက် မိသွားပုံရပါတယ်။ ဝက်ဝံလေး နှစ်ကောင်ကို ယူလာပြီး သူငယ်ချင်းတစ်ယောက် အိမ်မှာ နို့ဘူးတိုက် မွေးထားကြတယ်။ သိပ်လိမ္မာပြီး သိပ်ချစ်စရာကောင်းတယ်။ နောက်တော့ ဒီကောင်တွေက ရောမအကောင်ကြီးတွေ ဖြစ်လာတယ်။ အန္တရာယ် ဖြစ်မှာ စိုးရိမ်ရတယ်လို့ ပြောလွန်းမက ပြောကြတာကြောင့် နောက်ဆုံးမှာ သူငယ်ချင်းတစ်သိုက် ကျောက်ဆည်ဘက်က မြို့ကြီးဒေါင်းမီးအထိ ယူသွားပြီး မျက်ရည်စက်လက်နဲ့ လွှတ်ပစ်ခဲ့ကြရတယ်။

### သမိုင်းဆောင်းပါးလို

ယုန်သားထောင်းနဲ့ ခွေးတောက်ရှက်ဟင်းချို စားရင်းသောက်ရင်း ရှေးဟောင်းနှောင်းဖြစ်တွေကို ပြန်ပြောင်းအောက်မေ့ လွမ်းဆွတ်နေမိတာ ဖြစ်ပါတယ်။ အခုခေတ်လူငယ်တွေ ဖတ်မိရင်တော့ သမိုင်းဆောင်းပါး တစ်ပုဒ် ဖတ်ရသလို အောက်မေ့နေကြပါလိမ့်မယ်။ အခြေအနေတွေက ဆက်စပ် ကြည့်လို့ မရနိုင်လောက်အောင်ကို ပြောင်းလဲသွားကြပြီ မဟုတ်လား။ လူ့သမိုင်းမှာ ပြောင်းလဲမှုဆိုတာ လိုအပ်ချက်တစ်ခုဖြစ်တယ်။ တားဆီးလို့မရတဲ့ အရာတစ်ခုလည်း ဖြစ်တယ်။ ဒါပေမယ့် ပြောင်းလဲမှုတိုင်းဟာ ကောင်း တယ်လို့တော့ သတ်မှတ်လို့မရဘူး။ ကောင်းတဲ့ ပြောင်းလဲမှုရှိသလို မကောင်းတဲ့ ပြောင်းလဲမှုလည်း ရှိတယ်။

### ဆင်နဲ့လူ ဘယ်သူက ကျူးကျော်တာလဲ

မကြာမီကပဲ တောဆင်ရိုင်းတွေ အန္တရာယ်ပြုလို့ အင်းတကော်နားမှာ လူနှစ်ယောက် သေဆုံးသွားတဲ့သတင်း ဖတ်ရတယ်။ မြစ်ဝကျွန်းပေါ် ဘက်မှာလည်း ရွာနားပတ်ဝန်းကျင်ကို တောဆင်ရိုင်းတွေ ဝင်ရောက် နှောင့်ယှက်တဲ့သတင်းတွေ ဖတ်ရတယ်။ ကလောအတက် ယင်းမာပင် နားမှာလည်း တောဆင်ရိုင်းတွေ ဝင်ရောက်လာတဲ့သတင်းတွေ ဖတ်ရတယ်။ တောဆင်ရိုင်းတွေ ဝင်ရောက်နှောင့်ယှက်တယ်လို့ သတင်းတွေက ဆိုတယ်။ လူတွေရဲ့ရပ်ရွာထဲကို ဆင်တွေကလာပြီး နှောင့်ယှက်တာလား။ ဆင်တွေနေတဲ့ တောကြီးထဲကို လူတွေက ဝင်ရောက်ကျူးကျော် နေထိုင်ကြတာလားဆိုတာ စဉ်းစားကြဖို့ ကောင်းတယ်။ တောအုပ်ကြီးတွေ အဖြစ်ကနေ လူနေ

https://www.facebook.com/pages/မြန်မာ-စာအုပ်များ/532587203419984

http://myanmarebooksfree.blogspot.com/



ရပ်ရွာတွေအဖြစ် ပြောင်းလဲသွားခြင်းရဲ့ရလဒ် မဟုတ်ဘူးလား။

## လူတွေကိုယ်တိုင် လုပ်တာ

ဒီနေ့ ကမ္ဘာ့နေရာ အနှံ့အပြားမှာ အပူလွန်ကဲလိုက်၊ အအေးလွန်ကဲလိုက်၊ ရေကြီးလိုက်၊ မုန်တိုင်းတိုက်လိုက်၊ ငလျင်လှုပ်လိုက်၊ မီးတောင်ပေါက်ကွဲလိုက်နဲ့ သဘာဝအန္တရာယ်ဆိုးကြီးတွေ နေ့စဉ်နေ့တိုင်း မကြားရတဲ့နေ့ တစ်နေ့မှမရှိပါဘူး။ ဒီအန္တရာယ်ဆိုးကြီးတွေ အများစုက လူသားတွေကိုယ်တိုင် ဖန်တီးခဲ့ကြတာ ဖြစ်တယ်။ ဒါကို လူတိုင်းလိုလို သိနေကြတယ်။ မသိလို့ လုပ်နေကြတာ မဟုတ်ဘူး။ တောထဲက ဆင်တွေက လူနေရပ်ရွာထဲ ဝင်ရောက် ကျူးကျော်တာလား။ လူတွေကပဲ ဆင်တွေနေတဲ့ တောအုပ်ကြီးကိုဖျက်ဆီးပြီး ကျူးကျော်နေထိုင်ကြတာ လားဆိုတာ ရှင်းနေတာပဲ။ လူတိုင်းသိတယ်။ ဒါပေမယ့် လူတွေက ဆင်ခြင်ကြသလား။ ပြုပြင်ကြသလား။ ရှောင်ကြဉ်ကြသလား။ အဲဒါကြောင့် ရှေးဖြစ်ဟောင်းတွေ ပြန်ပြီးပြောနေရတာပါ။

*Weekly Eleven*

၉၊ ဖေဖော်ဝါရီ၊ ၂၀၁၁။

https://www.facebook.com/pages/မြန်မာ-စာအုပ်များ/532587203419984

http://myanmarebooksfree.blogspot.com/

# လိုကယ်စိတ်နဲ့ ဂလိုဘယ်ခေတ်

မြန်မာလူမျိုးများဟာ အလွန်အားနာတတ်တယ်။ လူတစ်ဖက်သားကို 'နှင်ပဲငဆ'ပြောဖို့မဆိုနဲ့။ ကိုယ်ပေးလိုက်တဲ့ ပိုက်ဆံကို ရရှိကြောင်း လက်မှတ်ကလေးထိုးပေးဖို့ ပြောရမှာတောင် အားနာနေတတ်တယ်။ ကိုယ်က ရစရာရှိတဲ့ပိုက်ဆံ တောင်းရမှာလည်း အားနာတတ်တယ်။

## ဒီခေတ်နဲ့ မကိုက်တော့

ကမ္ဘာကျော်တဲ့ မြန်မာတို့ရဲ့ 'အားနာမှု'စရိုက်ဟာ ဒီခေတ်ကြီးနဲ့ မကိုက်တော့ဘူး။ ငွေက အရာရာကို စိုးမိုးခြယ်လှယ်တဲ့ခေတ် မရောက်သေးခင်ကတော့ ကိစ္စမရှိဘူး။ အဲဒီခေတ်က လူတွေရဲ့ စိတ်ဓာတ် အဆင့်အတန်းက ခုခေတ်လောက် မနိမ့်ကျသေးဘူး။ လူတိုင်းလိုလို ကတိတို့ သစ္စာတို့ သိက္ခာတို့ကို ထိန်းသိမ်းစောင့်ရှောက်ပြီး တစ်ပိုင်း ထားရကောင်းမှန်း သိကြတယ်။ လူတိုင်းမှာ အနည်းနဲ့အများဆိုသလို လူကြီးလူကောင်းစိတ် ရှိကြတယ်။ မကောင်းမှုပြုရင်တောင် လူသူလေးပါး မမြင်ကွယ်ရာမှာ သိုသိုသိပ်သိပ် ပြုကြတယ်။ လာဘ်ထိုးဖို့ ပိုက်ဆံပေးတာတောင် ပေးမှန်းမသိအောင် မှန့်ပုံးထဲထည့်ပြီး ပေးကြတယ်။

## ဘာလုပ်လုပ် တရားတယ်

'ကြောင်ဖြူတာ၊ မည်းတာ အရေးမကြီးဘူး။ ကြွက်ပိမိဖို့သာ လိုရင်းပဲ'ဆိုတဲ့ အဘိဓမ္မာက စီးပွားရေး လောကရဲ့ဆောင်ပုဒ်အဖြစ် ရောက်ရှိ

https://www.facebook.com/pages/မြန်မာ-စာအုပ်များ/532587203419984

http://myanmarebooksfree.blogspot.com/



တာကတည်းက လူတွေမှာရှိတဲ့ လူကြီးလူကောင်းစိတ်ဆိုတာ ပျောက်ကွယ်သွားတယ်။ ဗိုက်ဆံရဖို့ အကျိုးရှိဖို့အတွက် ဘယ်နည်းနဲ့လုပ်လုပ် တရားတယ်လို့ သဘောထားကုန်တော့တယ်။ အဆိပ်ဓာတ်ငွေ့ ဗုံးလက်နက်တွေ၊ ရောဂါပိုးမွှားလက်နက်တွေနဲ့ လောင်မီးဗုံးတွေ ထုတ်လုပ်ရောင်းချကြတဲ့အထိ လူတွေရဲ့စိတ်ဓာတ်တွေ ယုတ်မာရက်စက် ကုန်ကြ တယ်။ ကလေးတွေကိုတိုက်တဲ့ နို့မှုန့်ဘူးတွေထဲ အန္တရာယ်ဖြစ်စေ တဲ့ ဓာတုပစ္စည်းတွေ ရောနှောရောင်းချတဲ့အထိ မသမာစိတ်တွေ ကြီးထွားလာကြတယ်။

မိရိုးဖလာ လုပ်ပုံလုပ်နည်း

ကိုယ်တစ်ကိုယ် ကောင်းစားရေးအတွက် ဘယ်သူ့ မျက်နှာမှ မထောက်မညှာ 'ဘနုဖူး သိုက်တူး'သလို လုပ်ကြတဲ့ ခေတ်ကြီးထဲမှာ မြန်မာတို့ရဲ့ 'အားနာစိတ်'ဟာ ဘယ်လိုမှကို မဆီလျော်တော့ဘူး။ အထူးသဖြင့် စီးပွားရေး လုပ်တဲ့အခါမှာ မြန်မာတို့ရဲ့ ရိုးရာအစဉ်အလာ လုပ်နည်းလုပ်ဟန်တွေ၊ ပင်ရင်းစိတ်ဓာတ်မျိုးတွေနဲ့ ဘယ်လိုမှ မအပ်စပ် တော့ဘူး။ စီးပွားရေးလောကထဲက မြန်မာအတော်များများဟာ ရှေးမိရိုးဖလာ မိသားစုစီးပွားရေးလုပ်တဲ့ပုံစံမျိုး၊ စိတ်ဓာတ်မျိုးနဲ့ နိုင်ငံတကာ ဈေးကွက်ကြီးထဲ ဝင်ရောက်လုပ်ကိုင်နေကြတာ တွေ့ရတယ်။ အားနာပြီး ပြောသင့်ပြောထိုက်တာကို မပြောဘဲနေလိုက်တာ၊ ရသင့်ရထိုက်တာကို မတောင်းဘဲနေလိုက်တာ၊ စာရွက်ပေါ်မှာ လက်မှတ်ကလေးတစ်ချက် ထိုးနိုင်းလိုက်ရမှာကို အားနာပြီး မထိုးနိုင်းလိုက်တာ စတဲ့စတဲ့ ပရော်ဖက်ရှင်နယ် မဆန်မှုတွေကြောင့် ထိခိုက်နစ်နာမှုတွေ ကြုံရတာမျိုး မကြာခဏ တွေ့မြင်ကြားသိနေရတယ်။

ပါးစပ်နဲ့ အလုပ်လုပ်

နိုင်ငံခြားသားနဲ့မဟုတ်တဲ့ ကိုယ့်အချင်းချင်း လုပ်တဲ့အခါ ပိုဆိုးတယ်။ စာချုပ်စာတမ်းတွေ ဘာတွေမရှိဘဲ ပါးစပ်နဲ့တင် လုပ်သွားကြတာတွေ များတယ်။ 'အချင်းချင်းတွေပဲ ပြောနေစရာမလိုပါဘူး'ဆိုပြီး လုပ်ကြရင်းနဲ့ သိပ်မကြာခင် ပြောစရာတွေဖြစ်လာတော့ စာချုပ်စာတမ်းတို့၊ သဘောတူညီချက်တို့ တစ်ခုမှမရှိကြဘူး။ ဒီတော့ အပ်နဲ့ထွင်းရုံနဲ့ မရတော့ဘူး။ ပုဆိန်နဲ့ပေါက်ကြရတော့တယ်။ မှုလက အင်မတန် ရင်းနှီးချစ်ခင်တဲ့ မိတ်ဆွေ

https://www.facebook.com/pages/မြန်မာ-စာအုပ်များ/532587203419984

http://myanmarebooksfree.blogspot.com/



သူငယ်ချင်းတွေ တစ်ယောက်မျက်နှာ တစ်ယောက် မကြည့်ချင်လောက်အောင် ဖြစ်ကုန်ကြတော့တယ်။

## အလျှော့ပေးတာမဟုတ်

မြန်မာ စီးပွားရေးလောကသားတွေရဲ့ လက်သုံး စကားတစ်ခွန်း ရှိသေးတယ်။ 'အလုပ်ရှင်၊ အလုပ်သမားလို့ သဘောမထားပါဘူး။ မိသားစုလို သဘောထားပါတယ်' ဆိုတာဖြစ်တယ်။ ဒီစကားဟာ တော်တော်ကို စီးပွားရေး သမား မပီသတဲ့စကား။ ပရော်ဖက်ရှင်နယ် မဟုတ်တဲ့စကား ဖြစ်တယ်ဆိုတာကို မသိကြဘူး။ ခပ်လွယ်လွယ် ပြောလိုက်တဲ့သဘော ဖြစ်တယ်။ စီးပွားရေး လုပ်တယ်ဆိုတာ ပရဟိတဂေဟာ ဖွင့်တာ မဟုတ်ဘူး။ အလျှော့ပေးနေတာလည်း မဟုတ်ဘူး။ အလုပ်ရှင်နဲ့ အလုပ်သမားကြားမှာ တိကျတဲ့စည်းကမ်းတွေ ရှိရမယ်။ နှစ်ဦး သဘောတူထားတဲ့ ပဋိညာဉ်တွေရှိရမယ်။ လုပ်ပိုင်ခွင့်နဲ့ ရပိုင်ခွင့်တွေ ရှင်းရှင်းလင်းလင်း၊ တိတိကျကျ ရေးဆွဲထားတာ ရှိရမယ်။

## အလုပ်သမားက နာ

ပရော်ဖက်ရှင်နယ်သဘောကို နားမလည်တဲ့အတွက် အရှည်သဖြင့် ကျတော့ အငြင်းပွားရတာတွေ ဖြစ်လာတယ်။ စာချုပ်စာတမ်းမရှိတော့ အများအားဖြင့် အလုပ်သမားဘက်က နစ်နာရတာ များတယ်။ 'မိသားစု လို သဘောထားပါတယ်' ဆိုတဲ့ စကားလှလှလေးသုံးပြီး အလုပ်ရှင်က အသာစီးယူတာ များတယ်။ ခိုင်းစေရာမှာသာ မိသားစုလို သဘောထားပြီး နေ့ညမရွေး အလုပ်ခိုင်းမယ်၊ ပြန်မလွှတ်ဘဲ ခိုင်းတာ။ ပေးတဲ့နေရာ ကျွေးတဲ့မွေးတဲ့ နေရာကျတော့ မိသားစုလို သဘောထားကြတာ မဟုတ်ပါဘူး။ အလုပ်သမားလို့ သဘောထားမှ ပေးတာ၊ ကျွေးတာ ရှင်းပါပဲ။

## ကန်ထရိုက်စာချုပ် ချုပ်ပါ

အလုပ်ဝင်တော့မယ်ဆို လူငယ်လေးတွေအနေနဲ့ မိသားစုလို သဘော ထားပါတယ်ဆိုတဲ့စကားကို အယုံမလွယ်ပါနဲ့။ အလုပ်သမားတစ်ယောက် အနေနဲ့ ကိုယ်လုပ်ရမယ့် တာဝန်ဝတ္တရားကို တိတိကျကျ မေးမြန်းစုံစမ်း ပြီး ကိုယ်ခံစားရမယ့် ရပိုင်ခွင့်များကိုလည်း၊ သေသေချာချာသိအောင်

https://www.facebook.com/pages/မြန်မာ-စာအုပ်များ/532587203419984

http://myanmarebooksfree.blogspot.com/



ပေးမြှုပ်ထားဖို့ လိုပါတယ်။ ဖြစ်နိုင်ရင် အလုပ်ရှင်၊ အလုပ်သမား နှစ်ဦးသဘောတူကျချုပ် လက်မှတ်ရေးထိုးဖို့ တောင်းဆိုသင့်တယ်။ ဒီကိစ္စက လွယ်တော့ မလွယ်ဘူး။ ဒီနေ့ထိ မြန်မာ့စီးပွားရေးလောကမှာ ဒီလို လုပ်လေ့လုပ်ထ မရှိကြသေးဘူး။ နိုင်ငံခြားသားတွေကတော့ မလွဲမသွေကို လုပ်ကြတယ်။

**အခြေအမြစ်က စပြောင်း၊**

မြန်မာ့စီးပွားရေးကို ကမ္ဘာ့အဆင့်ထဲထိ တိုးဝင်ဖို့ဆိုရင် လုပ်နည်းလုပ်ဟန်အားလုံးကို အခြေအမြစ်ကစပြီး ပြုပြင်ပြောင်းလဲဖို့ လိုတယ်။ မိရိုးဖလာ လုပ်နည်းလုပ်ဟန်တွေ၊ စိတ်ဓာတ်တွေနဲ့ ကမ္ဘာကြီးထဲကို တိုးဝင်ဖို့ မလွယ်ပါဘူး။ ကမ္ဘာကြီး၊ တစ်ခုလုံးက ဂလိုဘယ်လိုက်တွေးပြီး ဂလိုဘယ်စိတ်ဓာတ် မွေးမြူထားကြတယ်။ ကျွန်တော်တို့ မိသားစု စီးပွားရေးစိတ်ဓာတ်၊ လုပ်နည်းလုပ်ဟန်မျိုးတွေနဲ့ ဘယ်လိုမှ ကမ္ဘာကြီးထဲကို တိုးဝင်နိုင်မှာ မဟုတ်ဘူး။ လိုကယ်စိတ်ဓာတ် လုပ်နည်းလုပ်ဟန်တွေနဲ့ ဂလိုဘယ်ခေတ်ကြီးက လုံးဝ အံဝင်ခွင်ကျဖြစ်နေခြင်း မရှိတော့ပါဘူး။

***Favourite News***

*၇၊ ဖေဖော်ဝါရီ၊ ၂၀၁၁။*

https://www.facebook.com/pages/မြန်မာ-စာအုပ်များ/532587203419984

http://myanmarebooksfree.blogspot.com/

# နာမည်တွေနောက် မလိုက်စေချင်ဘူး

ကြောက်ဆယ် ခုနှစ်များအတွင်းက ကျွန်တော် ဘာသာပြန်ခဲ့တဲ့ စာအုပ်တွေကို ခုခေတ် ပြန်ထုတ်တဲ့ အခါမှာ ထုတ်ဝေသူတွေက လူထုစိန်ဝင်း ဆိုတဲ့နာမည်နဲ့ ထုတ်ပါရစေလို့ တောင်းဆိုကြတယ်။ အရင်ကသုံးခဲ့တဲ့ ဝင်းဇော်နာမည်ထက် အခုသုံးတဲ့နာမည်က ဈေးကွက် ပိုရှိတယ်လို့ ယူဆကြပုံရပါတယ်။

**စာအုပ်ရောင်းတာ သူ့ကိစ္စ**

နာမည်က အရေးမကြီးပါဘူး။ စာကပဲ အရေးကြီးတယ်လို့ သဘော ထားတာကြောင့် သူတို့တောင်းဆိုတာကို သဘောတူခဲ့တယ်။ ဒါပေမယ့် စာပတ်ပရိသတ် အမြင်ရှင်းအောင် ဝင်းဇော်နာမည်ကို နောက်မှာ ကွင်းစ ကွင်းပိတ်နဲ့ ဖော်ပြပါလို့ ပြောရတယ်။ စာရေးတဲ့သူက စာကိုသာ အဓိက ထားပြီးရေးကြတာ ဖြစ်ပေမယ့် ထုတ်ဝေသူကျတော့ ဈေးကွက်ကို အဓိကထားကြတယ်။ ငွေကြေးရင်းနှီးစိုက်ထုတ်ပြီး လုပ်ရတာဆိုတော့ ဈေးကွက်ဝင်ရေးကို အဓိကထားတာ သဘာဝကျတယ်လို့ ဆိုရမှာပါ။ အပြစ်တင်လို့ မရပါဘူး။ ဒါကြောင့် ထုတ်ဝေသူများရဲ့တောင်းဆိုမှုကို လိုက်လျောခဲ့တာ ဖြစ်တယ်။ စာအုပ်ရိုက်ပြီး ရောင်းတဲ့ကိစ္စက သူ့အပိုင်း မဟုတ်လား။ ကိုယ့်အလုပ်ကိုယ်လုပ်ပြီး သူ့အလုပ်သူလုပ်ပေါ့။

**ကိုယ့်မှုနဲ့ ကိုယ်**

သူ့အလုပ်ကို ကိုယ်က ဝင်မစွက်သလို ကိုယ့်အလုပ်ကိုလည်း ဘယ်သူ

https://www.facebook.com/pages/မြန်မာ-စာအုပ်များ/532587203419984

http://myanmarebooksfree.blogspot.com/



ဝင်စွက်တာမှ လက်မခံဘူး။ ဘယ်လို အကြောင်းအရာမျိုး ရေးပေးပါဆိုတာမျိုး ဘယ်တော့မှ မလိုက်လျောဘူး။ ကိုယ့်မူနဲ့ကိုယ်၊ ကိုယ်ရေးချင်တာပဲ ရေးတယ်။ ရေးကွက်တွေ ဘာတွေလည်း ငုံမကြည့်ဘူး။ ဒါက စာရေးဆရာအလုပ် မဟုတ်ဘူး။ ထုတ်ဝေသူရဲ့အလုပ်။ နောက်ပြီးတော့ ကိုယ်က စာရေးတာကို နိုင်ငံရေးအလုပ်လို့ သဘောထားသူ ဖြစ်တာကြောင့် ကိုယ်ပြောချင်တာကို တပတ်ပရိသတ်သိအောင် ပြောရဖို့ပဲ အလေးထားတယ်။ နာမည်ကြီးတာ မကြီးတာ၊ ဗိုက်ဆံရတာ မရတာ သိပ်ဂရုမစိုက်ဘူး။ ထုတ်ဝေသူအကြိုက် မလိုက်သလို တဖတ် ပရိသတ်အကြိုက်လည်း မလိုက်ဘူး။ ပြောသင့်ပြောထိုက်၊ ရေးသင့် ရေးထိုက်တယ် ထင်တာကို ရေးလိုက်တာပဲ။

## တစ်ထပ်တည်း ကျသွားတာမျိုး

အဲဒီလို ရေးလိုက်တာ တချို့က စာဖတ်ပရိသတ်ရဲ့ ပါးစပ်များမှာ ရှုစိတက်အောင်ပြောချင်နေတဲ့ စကားတွေနဲ့ တစ်ထပ်တည်း ကျသွားတာမျိုး တစ်ခါတလေ ဖြစ်သွားတတ်တော့ စာဖတ်ပရိသတ် အနည်းအကျဉ်း ရှိလာတယ်။ တနယ်ဝင်းအကြောင်း။ လူငယ်အကြောင်း။ နိုင်ငံတကာ ကိစ္စအကြောင်း။ တပေနဲ့ ယဉ်ကျေးမှုအကြောင်း စတဲ့ အကြောင်း အရာမျိုးစုံကို ကလောင်နာမည် အမျိုးမျိုးနဲ့ ရေးနေတာ ဖြစ်လေတော့ စာဖတ် ပရိသတ်ကလည်း စုံတယ်။ ကျောင်းသူကျောင်းသားတွေ ပါသလို တနယ်ဝင်း သမားလေးတွေလည်း ပါတယ်။ မိဘတွေလည်း ပါတယ်။ နိုင်ငံရေးသမား တွေလည်း ပါတယ်။ တချို့က စာဖတ်ရုံ မဟုတ်သေးဘူး။ အိမ်တိုင်ရာရောက် လာပြီး စကားစမြည် ပြောတတ်တယ်။

## တမူလိုအပ်ချက် များလာတယ်

လောလောဆယ်ကာလမှာ အပတ်စဉ်ထုတ်ဂျာနယ်နဲ့ လစဉ်ထုတ် မဂ္ဂဇင်း နှစ်မျိုးပေါင်း ၃၀၀ ကျော်လောက် ရှိလာတော့ တမူလိုအပ်ချက်ကလည်း တအားများလာတယ်။ ပုံမှန်ရေးနေသူက သိပ်များများစားစား ရှိတာ မဟုတ်ဘူး။ အဲဒီတော့ ဂျာနယ်၊ မဂ္ဂဇင်းတိုင်းလိုလိုက ပုံမှန်ရေး နိုင်သူတွေဆီကို ချဉ်းကပ်ကြလေတော့ လှန်ကြည့်သမျှ ဂျာနယ်၊ မဂ္ဂဇင်း

https://www.facebook.com/pages/မြန်မာ-စာအုပ်များ/532587203419984

http://myanmarebooksfree.blogspot.com/



တိုင်းမှာ စာရေးဆရာ အနည်းစုရဲ့ နာမည်တွေပဲ ထင်တလဲလဲ တွေ့နေရတော့တယ်။ ဒီလိုဖြစ်တာ မကောင်းပါဘူး။ လူသစ်၊ စိတ်သစ်၊ အတွေးအခေါ်သစ်တွေ ထွက်ပေါ်မလာတော့ဘဲ အဟောင်းတွေထဲပဲ တလည်လည်နဲ့ ရစ်ဝဲနေပါတယ်။

ဘာသာကြီးလေးရပ် အခြေခံ

ဂျာနယ်၊ မဂ္ဂဇင်းတွေအနေနဲ့ နာမည်ကို ဦးစားပေး လိုက်မနေကြပါနဲ့လို့ ပြောချင်တယ်။ နာမည်တွေနောက်ကို လိုက်နေသရွေ့ အသစ်အသစ်တွေ ပေါ်ထွက်လာစရာ မရှိပါဘူး။ အကြောင်းအရာသစ်၊ အတွေးအခေါ်သစ်တွေကို ဆွဲထုတ်နိုင်ဖို့ ကြိုးစားကြစေချင်တယ်။ အဟောင်းတွေရဲ့ ခေါင်းထဲက အသစ်ထွက်လာဖို့ မျှော်လင့်လို့ မရပါဘူး။ ကိုယ့် ကိုယ်ကိုယ်ပဲ နမူနာထားပြောပါမယ်။ ရေးတဲ့အကြောင်းအရာတွေက စုံပါတယ်။ စာနယ်ဇင်းအကြောင်း၊ လူငယ်အကြောင်း၊ အမျိုးသားအကြောင်း၊ နိုင်ငံတကာအကြောင်း၊ စာပေနဲ့ ယဉ်ကျေးမှုအကြောင်း၊ ကိုရီးယားဇာတ်လမ်းတွဲနဲ့ တရုတ်သိုင်းကားတွေအကြောင်း စသဖြင့် စသဖြင့် အများကြီးပါပဲ။ ဒါပေမယ့် ချုပ်ကြည့်လိုက်ရင် အတွေးအခေါ်က ဘာသာကြီးလေးရပ် အခြေခံက ပေါက်ဖွားလာတဲ့ အတွေးအခေါ်မျိုး တစ်ခုတည်း ဖြစ်နေပါလိမ့်မယ်။

ရုတ်တရက် ပေါ်လာတဲ့ အတွေး

ဒါမှမဟုတ်ရင်လည်း အရင်းရှင်စနစ်နဲ့ ကွန်မြူနစ်စနစ်၊ အာဏာရှင်စနစ်နဲ့ ဒီမိုကရေစီစနစ် စတဲ့စနစ်တွေကြားမှာပဲ ဝဲလည်လှည့်နေပါလိမ့်မယ်။ နှစ်ဆယ့်တစ်ရာစုထဲရောက်နေပြီ အခုထိ ရှေးမခေတ်၊ ခေါ်မခေတ်က အာဏာရှင်စနစ်တွေနဲ့ ဒီမိုကရေစီစနစ်တွေထဲက ဖောက်မထွက်နိုင်သေးဘူး။ သိပ္ပံပညာဘက်က လပေါ်ကို လူတွေရောက်အောင် ပို့ပေးနိုင်ပြီ ဖြစ်ပေမယ့် အတွေးအခေါ်ဘက်ကတော့ အုံ့ဩစရာ ကောင်းလောက်အောင်ကို ခေတ်နောက်ကျန်ရစ်တယ်။ ဘာကြောင့် ဒါလောက် နောက်ကျကျစ်ရစ်သလဲဆိုတဲ့ အချက်ကို လေ့လာဆန်းစစ်ဖို့ လိုအပ်နေပြီလို့ ထင်တယ်။ ရုတ်တရက် ခေါင်းထဲပေါ်လာတဲ့ အတွေးကို ပြောရရင်တော့ သိပ္ပံသမားတွေက

https://www.facebook.com/pages/မြန်မာ-စာအုပ်များ/532587203419984

http://myanmarebooksfree.blogspot.com/



လူ့လောကရဲ့ လက်ရှိ ဖြစ်ပျက်မှုတွေထဲက အခြေအနေကို လက်တွေ့ လေ့လာဆန်းစစ်မှု ပြုကြပြီး အတွေးအခေါ်သမားတွေက လူ့လောကကို မလေ့လာဘဲ ရှေးဟောင်းစာအုပ်ကြီးတွေထဲမှာပဲ ခေါင်းမဖော်နိုင်အောင် နစ်မြုပ်နေကြတဲ့အတွက်လို့ ထင်တာပဲ။

### ယုတ်လျော့ကျဆင်းတဲ့ အရွယ်

သက်တမ်း ၇၀ လောက် အိုဟောင်းနေတဲ့ ခေါင်းထဲက ရုတ်တရက် ပေါ်ထွက်လာတဲ့ အတွေးပါ။ မှန်တယ်လို့ မဆိုလိုပါဘူး။ လူဦးနှောက် စွမ်းအားဟာ အသက် သုံးဆယ်လောက်ကစပြီး ပွံ့ဖြိုးမှု ရပ်တန့် သွားတယ်။ အဲဒီနောက်တော့ ဖြည်းဖြည်းချင်း ယုတ်လျော့ကျဆင်း (degenerate)ဖြစ်သွားတယ်လို့ ကြားဖူးတယ်။ ပွံ့ဖြိုးဆဲ တိုးတက်ဆဲအရွယ် လူငယ်တွေ လေ့လာဆန်းစစ်မှု လုပ်ရမှာပါ။ ပါဝါအပြည့်နဲ့ လတ်လတ်ဆတ်ဆတ် ဦးနှောက်တွေထဲကမှ အတွေးအခေါ်သစ်၊ အယူအဆသစ်တွေ ပေါ်ထွက်လာနိုင်မှာ ဖြစ်တယ်။

### ပခုံးပေါ်မှာ တိုင်းပြည်ကြီး ထမ်းထား

ဒီခေတ် ဟစ်ဟော့ လူငယ်တွေကို သိပ်သဘောကျတယ်။ ကျွန်တော်တို့ ခေတ်နဲ့ ဘာမှကိုမဆိုင်ဘူး။ ကျွန်တော်တို့ခေတ်က 'အိတ်ကပ် ညက်ညောတယ် ဖဲမွေ့ရာပေါ်ဝယ်' ဆိုတာမျိုး ဆိုရင်ဆို၊ ဒါမှမဟုတ် ယောက်ျားမှာလည်း မျက်ရည်ရှိပါတယ်လို့ ငိုရင်ငို၊ အသည်း ဟက်တက် ကွဲရင်ကွဲ၊ ဒါထက် ပိုမရှိဘူး။ ခုခေတ် လူငယ်တွေက လူသာ ငယ်ကြတာ၊ သူတို့ပခုံးပေါ်မှာတော့ တိုင်းပြည်ကြီး တစ်ခုလုံးကို ထမ်းထား သလိုပဲ။ of the people, by the people, for the people ဆိုတာ ဟစ်ဟော့ကမှ အစစ်။ လူငယ်လေး တွေကို ကျေးဇူးတင်တယ်။ အားလည်းကိုးတယ်။

### နာဂစ်ပြီးလည်း ဆက်လုပ်ဆဲ

လူငယ်တွေကို မြှောက်ပေးနေတာ မဟုတ်ဘူး။ နာဂစ်ကပ်ဆိုးကြီး ကျလာတုန်းက အတက်ကြွဆုံး လှုပ်ရှားခဲ့တာ လူငယ်လေးတွေပဲ။ နိုင်ငံတကာ အကူအညီဆိုတာတွေက ကောက်ရိုးမီးလို ခဏပဲ ဟုန်းခနဲ ထတောက်ကြတာ။

https://www.facebook.com/pages/မြန်မာ-စာအုပ်များ/532587203419984

http://myanmarebooksfree.blogspot.com/



အခုဆို ပွဲပြီးမိုးသေ ဖြစ်သွားပြီ။ ပြည်တွင်းက လူငယ်လေးတွေကတော့ အခုထိ ရေတွင်းရေကန်တွေ ဆယ်ပေးကြ၊ ပရဟိတကျောင်းတွေမှာ စာလိုက်သင်ပေးကြနဲ့ လုပ်ဆောင်နေကြတုန်း ရှိသေးတယ်။ နာဂစ်မှာ တွဲမိတဲ့လက်တွေ ဆက်လက်ဆုပ်ကိုင်ထားကြဆဲ ဖြစ်တယ်။ ပြီးခဲ့တဲ့နှစ်က ရန်ကုန်တစ်ဖက်ကမ်း ဒေသတွေ ရေအခက်အခဲကြုံကြတော့ ရေလှူဒါန်းပွဲကြီးတွေ အားတက်သရော လုပ်ခဲ့ ကြတယ်။ အဲဒါ လူငယ်တွေပဲ။

သတိထား

ဆယ်စုနှစ်တစ်ခုကို ကျော်ဖြတ်ခဲ့ပြီဖြစ်တဲ့ ဂျာနယ်လောကမှာ မူဆိုးဖိုင်သင်လုပ်ရင်းကိုင်ရင်း တိုးတက်လာတဲ့ ဂျာနယ်လစ်လေးတွေ၊ ဂျာနယ်လစ်မလေးတွေ အတော်များများ တွေ့နေရပါပြီ။ ဂျာနယ်လစ် လုပ်တာ နှစ်ပတ်သာ သက်တမ်းရှိသေးပေမယ့် ဂျာနယ်လစ်တာဝန် ကျေပြီး ဂျာနယ်လစ်သိက္ခာကို ထိန်းရကောင်းမှန်းသိတဲ့ လူငယ်လေး မျိုးတောင် ပေါ်ထွက်လာတာ တွေ့ရတယ်။ အားရစရာ ကောင်းတယ်။ အဲဒါကြောင့် ဂျာနယ်အယ်ဒီတာတွေအနေနဲ့ လူငယ်တွေကို စိတ်ချ ယုံကြည်စွာနဲ့ တာဝန်တွေ ပေးစေချင်တယ်။ နာမည်တွေ နောက်ကိုချည်း လိုက်မနေစေချင်ဘူး။

*ပြည်သူ့ခေတ်ဂျာနယ်၊ အတွဲ ၁၊ အမှတ် ၃၁*

*၁၀၊ ဖေဖော်ဝါရီ၊ ၂၀၁၁။*

https://www.facebook.com/pages/မြန်မာ-စာအုပ်များ/532587203419984

http://myanmarebooksfree.blogspot.com/

# လူတွေအကြောင်းရေးမှ လူတွေက ဖတ်မှာပေါ့

ဒီနေ့တစ်ရက်တည်း နယ်တာဖတ်ပရိသတ် နှစ်ယောက်ဆီက ဖုန်းလာလို့ စကားပြောရတယ်။ တစ်ယောက်က အင်းတော်က၊ နောက်တစ်ယောက်က မြစ်သားက။ တိုက်တိုက်ဆိုင်ဆိုင် နှစ်ယောက်စလုံးပြောတဲ့ အကြောင်းအရာက တစ်ခုတည်းဖြစ်နေတယ်။

## နယ်သတင်း ဖော်ပြမှု နည်း

ဂျာနယ်တွေထဲမှာ ရန်ကုန်၊ မန္တလေးနဲ့ နေပြည်တော်က သတင်းတွေပဲ နေရာပေး ဖော်ပြနေကြတယ်။ နယ်သတင်းတွေ ဖော်ပြတာ သိပ်နည်းတယ်။ နယ်တွေ့ရှုံ့ပြီးမှ တိုင်းပြည်ရှုံ့ပြီးမှာပါလို့ အင်းတော် ပရိသတ်က ပြောပါတယ်။ မြစ်သားကပုဂ္ဂိုလ်ကတော့ သူတို့ဒေသမှာ လမ်းကြေး၊ တံတားကြေး ကောက်ခံတာတွေက သတ်မှတ်နှုန်းထက် အများကြီး ပိုပြီးကောက်ခံနေကြတာကြောင့် ကုန်စည်စီးဆင်းမှုတွေ နှေးကွေးထုံထိုင်းနေပါတယ်။ ဒေသခံတွေ အခက်ကြုံနေပါတယ်။ ဒီသတင်း မျိုးတွေလည်း ရေးပေးကြပါဦးလို့ မေတ္တာရပ်ခံပါတယ်။ မှန်ပါတယ်။ ဂျာနယ်တွေများပေမယ့် သတင်းက နည်းပါတယ်။ နည်းရုံသာမက သတင်းတွေက တူနေ၊ ထပ်နေပါတယ်။

## ဖုန်းအကြောင်း မပါမဖြစ်

ဘယ်ဂျာနယ် ကောက်လှန် ကြည့်လိုက်ကြည့်လိုက် ဂျာနယ် အားလုံးမှာ မပါမဖြစ်တဲ့ သတင်းက ငါးသိန်းတန် ဖုန်းအကြောင်း၊ ဂျီအက်စ်အမ်ဖုန်း အကြောင်း၊ ဖြစ်တယ်။ အဲဒီနောက် ကဏန်းပျော့အကြောင်း။ ကဏန်းမှာ

https://www.facebook.com/pages/မြန်မာ-စာအုပ်များ/532587203419984

http://myanmarebooksfree.blogspot.com/



အကြောင်း၊ ငါးရှဉ့်အကြောင်း၊ နောက်တော့ ပဲဈေး၊ နှမ်းဈေး၊ စားအုန်းဆီဈေးအကြောင်း လာမယ်။ အဲဒါပြီးရင် ဆိုင်ကယ်ခိုးတဲ့သတင်း၊ ခါးပိုက်နှိုက်သတင်းနဲ့ ဓားပြ သတင်းနဲ့ မှုခင်းသတင်းမျိုးစုံ လာမယ်။ ကျောင်းကြော်ငြာသတင်းအမျိုးမျိုးနဲ့ ဆေးရုံ ကြော်ငြာသတင်းတွေလည်း မပါမဖြစ် ပါလိမ့်မယ်။ နောက်တော့ မမှန်တဲ့ ကုန်ဈေးနှုန်းသတင်းတွေ ဖော်ပြကြလိမ့်မယ်။ အနည်းဆုံး တစ်ပတ်နောက်ကျပြီးမှ ဖော်ပြရတာဆိုတော့ ဘယ်လိုလုပ်ပြီး မှန်နိုင်တော့မှာလဲ။

## စိတ်ချဉ်ပေါက်ပေါက်နဲ့

ဂျာနယ်တိုင်းလိုလိုက အင်တာနက်ခေတ်တို့၊ ဂလိုဘယ်လိုက်ဇေးရှင်းခေတ်တို့အကြောင်း အကြီးအကျယ်ရေးကြတာ အကြီးအကျယ် ရေးကြတာချည်းပါပဲ။ အွန်လိုင်းအယ်ဒီတာဆိုပြီးတောင် နာမည်တစ်တာ ရှိသေးတယ်။ ပြီးတော့မှ ဗေဒင်ကဏ္ဍဆိုပြီး စာမျက်နှာမှာ နေရာအတော်ပေး ဖော်ပြကြတယ်။ ဗေဒင်ကဏ္ဍမပါတဲ့ ဂျာနယ်လေးငါးစောင်လောက်ပဲ ရှိမယ်ထင်တယ်။ အားလုံး ထည့်ကြတာပဲ။ တစ်ခါတုန်းက 'ငါးရှဉ့်က လူထက် အဖိုးတန်သလား' ဆိုတဲ့ခေါင်းစဉ်နဲ့ ဆောင်းပါးရေးခဲ့ဖူးတယ်။ ဂျာနယ်တွေထဲမှာ လူတွေအကြောင်းသိပ်မပါဘဲ ငါးရှဉ့် အကြောင်း၊ ကဏန်းအကြောင်းတွေချည်းပါနေတာနဲ့ ပတ်သက်ပြီး စိတ်အချဉ်ပေါက်ပေါက်နဲ့ အငေါ်တူး ရေးလိုက်တာဖြစ်တယ်။ လေးငါး ခြောက်နှစ် ကြာပါပြီ၊ အခုလည်း ငါးရှဉ့်နဲ့ ကဏန်းကရှေ့တန်းမှာ နေရာယူတုန်းပါပဲ။

## အုပ်ရေနှစ်ရာသာ ရောင်းရတဲ့ မဂ္ဂဇင်း

လူဦးရေ သန်းငါးဆယ်ကျော်၊ ခြောက်ဆယ်နီးပါး ရောက်နေတဲ့ အခြေအနေမှာ အုပ်ရေ ၂၀၀ လောက်သာ ရောင်းရတဲ့ မဂ္ဂဇင်းတွေ အများစု ရှိနေတာ စိတ်မကောင်းစရာ ဖြစ်တယ်။ အရောင်းရဆုံး၊ လူကြိုက်အများဆုံးဆိုတဲ့ ဂျာနယ်တောင် သိန်းဂဏန်းအထိ မရောက်နိုင်သေးဘူး။ လုံးချင်းစာအုပ်များဆို အုပ်ရေ ၅၀၀ ပဲ ရိုက်ကြတော့ တယ်။ ဒီကိစ္စကို မဂ္ဂဇင်း၊ ဂျာနယ် အယ်ဒီတာတွေ၊ ထုတ်ဝေသူနဲ့ အကြိမ်ကြိမ် စကားပြောကြည့်ဖူးတယ်။ ဖြန့်ချိရေးစနစ်ရဲ့ အားနည်းချက်ကြောင့်ဆိုတဲ့ ယေဘုယျ

https://www.facebook.com/pages/မြန်မာ-စာအုပ်များ/532587203419984

http://myanmarebooksfree.blogspot.com/



အကြောင်းပြချက်ကလွဲပြီး ဘယ်သူမှ တိကျရေရာတဲ့အဖြေ မပေးနိုင်ကြဘူး။

## ဖတ်ချင်တာကို မပေးနိုင်

တချို့ကတော့ စာအုပ်ဈေးတွေကြီးတာနဲ့ စားဝတ်နေရေး ခက်ခဲတာကို အကြောင်းပြတယ်။ ဒါလည်း အကြောင်းတစ်ခု ဖြစ်ပေမယ့် အဓိက အကြောင်းရင်းတော့ ဟုတ်မယ်မထင်ဘူး။ ဘာကြောင့်လဲဆိုတော့ စာအုပ်ဟောင်းတွေ အကြိပ်ကြိပ်ပြန်ရိုက် ရောင်းနေကြတာ တွေ့နေရလို့ပဲ။ မရောင်းရဘဲနဲ့တော့ ရိုက်ကြမှာမဟုတ်ပါဘူး။ တစ်ဦးတည်းအမြင်ကို ပြောရရင်တော့ ကျွန်တော်တို့ ဂျာနယ်၊ မဂ္ဂဇင်းတွေဟာ လူတွေ ဖတ်ချင်တာကို မပေးနိုင်ဘဲ ကိုယ်ပေးချင်တာကိုပဲ ဖွတ်အတွင်း ထိုးပေးနေကြတဲ့အတွက် ဖြစ်တယ်လို့ ထင်ပါတယ်။ လူဆိုတာက တခြားလူတွေအကြောင်း စိတ်ဝင်စားတယ်၊ သိချင်တယ်။ ဂျာနယ်တွေထဲမှာ ငါးရှဉ့်အကြောင်း။ ကားအကြောင်း။ ဖုန်းအကြောင်း။ ကွန်ဒိုအကြောင်း စတဲ့ သက်မဲ့တွေ အကြောင်းချည်းပဲ ဖတ်နေရတယ်လေ။

## နီးစပ်မှု သတင်းဖြစ်

တစ်ရက်လာလည်း ဒါ၊ တစ်လလာလည်း ဒါ၊ တစ်နှစ်လာလည်း ဒါ။ ဒါတွေချည်းဖတ်နေရတာ ကြာလာတော့ လူတွေက ငြီးငွေ့သွားပြီ။ မဖတ်ချင်တော့ဘူး။ လူဆိုတာ လူတွေအကြောင်း ပိုစိတ်ဝင်စားတယ်။ အထူးသဖြင့် ကိုယ်နဲ့ အနီးဆုံးနေရာက လူတွေအကြောင်း သိချင်တယ်။ ကိုယ့်မြို့၊ ကိုယ့်ဒေသ က ကိုယ်သိတဲ့လူတွေ အကြောင်းဆိုရင် ပိုပြီး စိတ်ဝင်စားတယ်။ သတင်းဆိုတာ ဘာလဲဆိုတဲ့ သတ်မှတ်ချက်တွေထဲမှာ နီးစပ်မှု(proximity) ဆိုတဲ့ အချက်တစ်ချက်ပါတယ်။ နမီးဘီးယားနိုင်ငံမှာ ကားတစ်စီး ချောက်ထဲထိုးကျလို့ လူငါးဆယ်လောက် သေ သွားတဲ့သတင်းထက် ကိုယ့်ရွာထိပ်ကချောင်းထဲကို ဆိုင်ကယ်တစ်စင်း ထိုးကျသွားတဲ့သတင်းကို ပိုစိတ်ဝင်စားတယ်။ ဖတ်ချင်တယ်။

## မြို့နယ် ငါးဆယ်မရှိ

မြန်မာနိုင်ငံမှာ မြို့နယ်ပေါင်း ၃၅၀ လောက်ရှိတယ်။ ဂျာနယ်တွေကို

https://www.facebook.com/pages/မြန်မာ-စာအုပ်များ/532587203419984

http://myanmarebooksfree.blogspot.com/



ဖတ်ကြည့်လိုက်ရင် အလွန်ဆုံးပါလှမှ မြို့နယ်ပေါင်း ဆယ့်လေးငါးမြို့နယ်က သတင်းလောက်ပဲ တွေ့ရလိမ့်မည်။ ဒါလည်း အများစုက ပဲဈေး နှမ်းဈေး သတင်းတွေချည်းပဲ။ လူတွေရဲ့သတင်း သိပ်မပါဘူး။ ဒီတော့ ဘယ်ဖတ်ချင်တော့မှာလဲ။ ဂျာနယ်တိုက်တွေကို မေးကြည့်တော့ မြို့နယ်ပေါင်း ငါးဆယ်လောက်အထိ သတင်းထောက်ထားနိုင်တဲ့တိုက် မရှိသလောက်ပါပဲ။ ဒီအချက်က စပြီး ကျွန်တော်တို့ ပြုပြင်ကြဖို့ ကောင်းတယ်။ ဒီခေတ်ဟာ ကျွန်တော်တို့ခေတ်နဲ့စာရင် ဆက်သွယ်ရေး အင်မတန်ကောင်းပါတယ်။ ကားလမ်း၊ ရထားလမ်းတွေ ပိုများ၊ ပိုကောင်းလာတယ်။ တယ်လီဖုန်းတွေ ပေါလာတယ်။ သတင်းပို့ဖို့ လွယ်သလို ဂျာနယ်တွေလည်း ပို့ပြီး မြန်မြန်ရောက်အောင် ပို့နိုင်တယ်။ မြန်မာပြည် တစ်နံ့တစ်လျားက လူတွေရဲ့အကြောင်း သောင်းပြောင်းတွေလာတွေကို ရေးကြဖို့ပဲ လိုပါတယ်။ လူတွေအကြောင်းရေးရင် လူတွေကမဖတ်ဘဲ မနေပါဘူး။ ငါးရှဉ့်အကြောင်းရေးရင် ငါးရှဉ့်တွေက စာမဖတ်တတ်ဘူးလေ။

***News Watch***

***၁၆၊ ဖေဖော်ဝါရီ ၂၀၁၁။***

https://www.facebook.com/pages/မြန်မာ-စာအုပ်များ/532587203419984

http://myanmarebooksfree.blogspot.com/



# ကန့်ကွက်ခွန်းခင်းရှိလို့ ငြိတာပါ

ဂျာနယ်တစ်စောင်ထဲမှာပါတဲ့ စာတစ်ပုဒ်ကိုဖတ်ပြီး ရင်ထဲမှာ ကျလိကျလိ ဖြစ်လာလို့ ဒီစာကို ရေးလိုက်တာပါ ပြောသူရော၊ ရေးသူရောက မရှင်းမလင်း လုပ်ထားတော့ ဝါးလုံးရှည်နဲ့သိမ်းရိုက်သလို စာနယ်ဇင်းသမားတွေ အားလုံး ရောက်ပြီး နာမည်ပျက်ရလို့ ရေးလိုက်ရတာ ဖြစ်ပါတယ်။

တရားစွဲမယ်တဲ့

နိုင်ငံရေးပါတီတစ်ခုက ပုဂ္ဂိုလ်တစ်ဦးကို ဂျာနယ်က အင်တာဗျူးထားတဲ့ တယ်။ အဲဒီပါတီက စထွက်ကတည်းက ယဉ်သကို ဆိုသလို ပါတီထောင်ပြီး မကြာခင်မှာပဲ ငွေရေးကြေးရေး အရှုပ်တော်ပုံဖြစ်ပြီး ခေါင်းဆောင်တွေချင်း ကွဲကြပြဲကြ စွပ်စွဲတိုက်ခိုက်ကြ ဖြစ်ခဲ့တဲ့ပါတီ ဖြစ်တယ်။ အဲဒီပါတီက ပုဂ္ဂိုလ်တစ်ဦးကို ဂျာနယ်ကသွားမေးတော့ သူတို့ မပြောခဲ့တာတွေကို အပြောလုပ်ပြီး ရေးတဲ့ဂျာနယ် ရှိတယ်။ သူတို့ပါတီကို ထိခိုက်နစ်နာအောင် တစ်ဖက်သတ်ရေးတာမျိုး၊ ထပ်လုပ်ရင် တရားစွဲမယ် ဆိုတဲ့သဘော ပြောလိုက်တယ်။ ဘယ်ဂျာနယ်လို့ မပြောဘူးတဲ့မေးတဲ့ ဂျာနယ်သမားကလည်း တိတိကျကျ ပြတ်ပြတ်သားသား သိရအောင် ထပ်မမေးဘူး။ အဲဒီပုဂ္ဂိုလ် ပြောတယ် ဆိုတဲ့အတိုင်းပဲ ရေးလိုက်တယ်။

ပညာတတ်တွေချည်းပဲ

အဲဒီတော့ သူများမပြောတဲ့စကားကို ပြောပါတယ်လို့ လုပ်ကြံ လီဆယ် ပြီးရေးတဲ့ အပေါ်တား ဂျာနယ်သမားတွေ ရှိနေတယ်လို့ ဆိုလိုရာ ရောက်သွား တယ်။ စာနယ်ဇင်းလောက တစ်ခုလုံးကို ပရိသတ်က အထင်သေး အမြင်သေး

https://www.facebook.com/pages/မြန်မာ-စာအုပ်များ/532587203419984

http://myanmarebooksfree.blogspot.com/



ဖြစ်သွားနိုင်ပါတယ်။ လောလောဆယ် ထွက်နေတဲ့ လိုင်းပေါင်းစုံ ဂျာနယ်ပေါင်း ၁၇၀ လောက် ရှိပါတယ်။ အဲဒီဂျာနယ်တွေမှာ လုပ်ကိုင်နေကြတဲ့ သတင်းထောက်တွေ၊ အယ်ဒီတာ တွေ တစ်ပြည်လုံးအနှံ့ဆိုရင် ထောင်ဂဏန်း ရှိပါတယ်။ အများစုက အသက် ၂၀ နဲ့ ၃၀ အတွင်း လူငယ်တွေ ဖြစ်တယ်။ အမျိုးသမီးဦးရေ ထက်ဝက်လောက် ရှိတယ်။ ပညာအရည်အချင်း အနေနဲ့ လည်း ဘွဲ့ရပြီးစ အရွယ်တွေ များတယ်။ အနိုင်ထိုးအားဖြင့် ဆယ်တန်းလောက် တော့ အောင်ကြသူတွေချည်းပါပဲ။ တချို့ဆို ဘွဲ့နှစ်ခု၊ သုံးခုနဲ့ ဒီပလိုမာ သုံးလေးခုတောင် ရထားကြတယ်။

## နိုင်ငံရေးသမား လေးစားကြတယ်

ဒီအချက်က ကျွန်တော်တို့ခေတ်ထက် သာတယ်။ ကျွန်တော်တို့ ခေတ်က ရန်ကုန်ရော နယ်ပါ သတင်းထောက်တွေထဲမှာ ဆယ်တန်းအောင်သူတောင် တော်တော်ရှားတယ်။ အယ်ဒီတာတွေသာ တက္ကသိုလ်ပညာတတ်တွေ ဖြစ်ကြတာ။ ဒီခေတ်ကတော့ လူငယ်ပညာတတ်တွေချည်းပဲ။ သူတို့တစ်တွေက ပါတီစုံနိုင်ငံရေးခေတ်နဲ့ နိုင်ငံရေးသမား စစ်စစ်ကြီးတွေကို မသိမမီခဲ့ကြဘူး။ အဲဒီခေတ်က လွတ်လပ်တဲ့ ရွေးကောက်ပွဲ ရေးကိုလည်း မကြုံဖူးခဲ့ကြဘူး။ ဒါပေမယ့် သူတို့ဟာ ဗိုလ်ချုပ်အောင်ဆန်းနဲ့ ရဲဘော်သုံးကျိပ်ကို လေးစားကြတယ်။ တို့ဗမာသခင်တွေကို ကြည်ညိုတယ်။ နယ်ချဲ့ဆန့်ကျင်ရေး၊ ဖက်ဆစ်တော်လှန်ရေးမှာ ပါခဲ့တဲ့ နိုင်ငံရေးသမားအားလုံးကို အားကျ အတုယူကြတယ်။ သူတို့အားလုံးမှာ နိုင်ငံရေးနဲ့ နိုင်ငံရေးသမားဆန့်ကျင်စိတ် လုံးဝမရှိကြဘူး။ မဆန့်ကျင်ရုံတင် မဟုတ်ဘူး။ နိုင်ငံရေးသမားတွေကို သိပ်လေး စားပြီး အထင်ကြီးကြတယ်။

## မသိသူတွေ သိလာရ

အထင်ကြီးတဲ့အလျောက် နိုင်ငံရေးသမားတွေကို လိုက်လံတွေ့ဆုံပြီး မေးကြရေးကြတယ်။ အခုမှ ပေါ်လာသူတွေသာ မဟုတ်ဘူး။ သက်ကြီးရွယ်ကြီး နိုင်ငံရေးသမားကြီးတွေကိုလည်း သွားတွေ့ကြ၊ ရေးကြတယ်။ နိုင်ငံရေး စာအုပ်ဟောင်းတွေ ရှာဖွေဖော်ထုတ်ကြတယ်။ ဒီလူငယ်တွေ ကျေးဇူးကြောင့် ခုခေတ်လူတွေ မကြားဖူးတဲ့ပုဂ္ဂိုလ်တွေအကြောင်း သိလာရတယ်။ မဖတ်ဖူး

https://www.facebook.com/pages/မြန်မာ-စာအုပ်များ/532587203419984

http://myanmarebooksfree.blogspot.com/



တဲ့စာအုပ်တွေ ဖတ်လာရတယ်။ ဒီလိုလူငယ်တွေက ရန်ကုန်က ထင်ရှားတဲ့ နိုင်ငံရေးသမားဟောင်းတွေ အကြောင်းသာ ဖော်ထုတ်ရေးသားကြတာ မဟုတ်ဘူး။ ကျောက်ဆည်လို မြို့ငယ်လေးမှာနေတဲ့ အသက်ကိုးဆယ်ကျော် သခင်မကြီး ဒေါ်မြရီလို ပုဂ္ဂိုလ်မျိုးဆီတောင် အရောက်သွားပြီး မေးကြ၊ ရေးကြတယ်။ ဒေါ်မြရီ ဆိုတာ နယ်နယ်ရရမဟုတ်ဘူး။ သခင်သိန်းဖေရှိရာ အိန္ဒိယအထိ လိုက်ပါသွားပြီး ဖက်ဆစ်တော်လှန်ဖို့ လေထီးသင်တန်းတက်ခဲ့သူ ဖြစ်တယ်။ သခင်တင်ရွှေရဲ့ဇနီးဖြစ်ပြီး မကြာမီကမှကွယ်လွန်သွားခဲ့တယ်။

## ဖုံးဖိမထားရဘူး

ခုခေတ်လူငယ် စာနယ်ဇင်းသမားတွေအားလုံးမှာ တူညီချက်တစ်ခု ရှိတယ်။ နိုင်ငံရေးပါတီတွေ မရှိတော့တဲ့ခေတ်မှာ မွေးဖွားလာကြသူတွေ ဖြစ်လို့ သူတို့မှာ ပါတီစွဲ၊ ဝါဒစွဲ လုံးဝကင်းရှင်းကြတာ ဖြစ်တယ်။ ဒီမိုကရေစီ အင်အားစုမှန်သမျှကို ထောက်ခံအားပေးရမယ်ဆိုတဲ့ ခံယူချက်လည်း အခိုင်အမာ ရှိကြတယ်။ အဲဒီတော့ ဘယ်စာနယ်ဇင်းသမားကမှ တမင် သက်သက် နိုင်ငံရေးသမားတွေကို သိက္ခာကျအောင် မလုပ်ဘူးလို့ ပြောရဲတယ်။ သတင်းသမားဆိုတာ မဟုတ်တာ၊ မမှန်တာကို လုပ်ကြံလီဆယ်ပြီး မရေးရ သလို ဟုတ်တာ၊ မှန်တာကိုလည်း ဖုံးဖိ မထားရပါဘူး။ ဟုတ်တဲ့အတိုင်း၊ မှန်တဲ့အတိုင်း စာဖတ်ပရိသတ်ကို တင်ပြဖို့ တာဝန်ရှိပါတယ်။

အဲဒါကြောင့် စာနယ်ဇင်းဆိုတာ တိုင်းပြည်ရဲ့ နား၊ မျက်စိလို့ ဆိုခဲ့ကြတာဖြစ်တယ်။

## သတင်းသမား အတင်းအဖျင်းမလိုက်ဘူး

သတင်းသမားဆိုတာ သတင်းပဲလိုက်တယ်။ အတင်းအဖျင်းတွေ နောက် မလိုက်ဘူး။ အတင်းအဖျင်းမရေးဘူး။ အညီအဟောက်နောက် လိုက်သူ တွေကိုလည်း သတင်းသမား(ဂျာနယ်လစ်)လို့ မခေါ်ဘူး။ အတင်း အဖျင်းရေးသူ (gossip writer)၊ ပါပါရာဇီလို့ ခေါ်တယ်။ အတင်းအဖျင်း၊ အညီအဟောက်စာစောင်တွေကိုလည်း သတင်းစာတို့ ဂျာနယ်တို့ မခေါ်ပါဘူး။ တက်ဘလွိုက်ပေပါ (tabloid paper)လို့သာ ခေါ်ပါတယ်။ တက်ဘလွိုက် စာစောင်ကို၊ တက်ဘလွိုက်သမားတွေကို ဘယ်နိုင်ငံမှာမှ လူရာမသွင်းပါဘူး။

https://www.facebook.com/pages/မြန်မာ-စာအုပ်များ/532587203419984

http://myanmarebooksfree.blogspot.com/



ဖျော်ဖြေရေးစာစောင်ထဲမှာ

သတင်းသမားနဲ့ အတင်းအဖျင်း တက်ဘလွိုက်သမားကို ခွဲခြားတတ်ဖို့ လိုတယ်။ မပြောတာကို အပြောလုပ်ပြီး ရေးတယ်။ လူကိုလာပြီး တွေ့ဆုံမေးမြန်း မလုပ်ဘဲနဲ့ အင်တာဗျူးရေးတယ်ဆိုတဲ့ စွပ်စွဲပြောဆိုသံမျိုးတွေကို ပေါ့ပ်ဂျာနယ်လို့ခေါ်နေကြတဲ့ ဖျော်ဖြေရေးဂျာနယ်တွေထဲမှာပဲ တွေ့ဖူး ဖတ်ဖူးတယ်။ အားလုံးလိုလိုက ပြောတုန်းက ပြောခဲ့ပြီး စာမျက်နှာပေါ်ပါလာမှ ပြောင်လိမ်၊ ပြောင်ငြင်း လုပ်ကြတာမျိုးတွေဆိုတာ လူတိုင်းသိကြတယ်။ ဖျော်ဖြေရေးစာစောင်တွေထဲမှာ ပြောကြဆိုကြတာတွေဆိုတော့ ဘယ်သူကမှ သိပ်အလေးထားကြတာ မဟုတ်လို့ ကိစ္စမရှိပါဘူး။ သတင်းဂျာနယ်လို အလေးအနက် စာစောင်တွေထဲမှာ ပါလာတာဆိုရင်တော့ ပြီးပြီး ပျောက်ပျောက် ဖြစ်မသွားပါဘူး။ ပရိသတ်က ဆက်ပြီး စဉ်းစားဝေဖန် သုံးသပ် လုပ်တတ်ကြပါတယ်။

သူခိုးလား၊ သမက်လား

သတင်းဂျာလည်း ဖြစ်ပြန်၊ နိုင်ငံရေးနဲ့ပတ်သက်တဲ့ကိစ္စလည်း ဖြစ်ပြန်ဆိုရင် ပိုပြီးအလေးထားကြပါတယ်။ သို့လောသို့လော တွေးတောကြပါတယ်။ မပြောတာကို အပြောလုပ်ရေးတယ်လို့ နိုင်ငံရေးပါတီ တစ်ခုရဲ့ ခေါင်းဆောင်တစ်ယောက်က ပြောလိုက်တယ်ဆိုတော့ စာဖတ်ပရိသတ်က အမှန်လို့ ယူဆသွားနိုင်ပါတယ်။ ဂျာနယ်တွေဟာ ဒီလို မဟုတ်မဟတ်တွေ ရေးနေကြတာပါလားဆိုပြီး ယုံကြည်မှု ပျက်ပြားသွားနိုင်ပါတယ်။ ဂျာနယ် လောက တစ်ခုလုံးရဲ့ ဂုဏ်သိက္ခာကို ထိခိုက်စေပါတယ်။ အဲဒါကြောင့် ဘယ်ဂျာနယ်က ဒီလိုလုပ်တယ်ဆိုပြီး အမည်နာမတပ်ပြီး တိတိကျကျ ပြောစေ လိုပါတယ်။ တရားစွဲစရာရှိရင်လည်း အားမပါနဲ့။ ပွင့်ပွင့်လင်းလင်း တရားစွဲ လိုက်ပါ။ ဒါမှ သူခိုးလား၊ သမက်လား ကွဲပြားသွားမှာ ဖြစ်တယ်။

ပုပ်လို့ပေါ် ဟုတ်လို့ကျော်

ရောထွေးပြီး ဝါးလုံးရှည်နဲ့ရမ်းတာမျိုး မလုပ်ပါနဲ့။ ဒီလိုပြောတာမျိုးကို ဂျာနယ်တွေဘက်ကလည်း အသရေဖျက်မှုနဲ့ တရားစွဲလို့ရတယ် ဆိုတာကို

https://www.facebook.com/pages/မြန်မာ-စာအုပ်များ/532587203419984

http://myanmarebooksfree.blogspot.com/



သိထားစေချင်ပါတယ်။ နိုင်ငံရေးသမားက နိုင်ငံရေးအလုပ်လုပ်၊ စာနယ်ဇင်းသမားက စာနယ်ဇင်းအလုပ်လုပ်။ လူတိုင်း ကိုယ့်အလုပ်ကိုယ် မှန်မှန်ကန်ကန် လုပ်နေကြဖို့ပဲ လိုပါတယ်။

အဲဒီလို ပရော်ဖက်ရှင်နယ် ပီပီသသလုပ်ကြရင် တစ်ဖက်နဲ့တစ်ဖက် ငြိစရာ ဘာအကြောင်းမှ မရှိပါဘူး။ ကန့်ကွက်နိုင်းခင်းရှိကြလို့သာ ငြိကြတာပါ။ ပုပ်လို့ပေါ်၊ ဟုတ်လို့ကျော်ဆိုတဲ့ မြန်မာစကား အရှိသားမဟုတ်လား။

*TRUE NEWS* အတွဲ ၃၊ အမှတ် ၂၄

၁၅၊ ဖေဖော်ဝါရီ၊ ၂၀၁၁။

https://www.facebook.com/pages/မြန်မာ-စာအုပ်များ/532587203419984

http://myanmarebooksfree.blogspot.com/

# အတ္တာပတိ၊ အတ္တနော၊ နတ္တော

အိမ်ထဲက အိမ်ပြင်မထွက်ဘဲနဲ့ ကံကောင်းထောက်မကြီး ကောင်းမှု ကုသိုလ်တစ်ခုပြုဖို့ အခွင့်အရေးတစ်ခု ရလိုက်ပါတယ်။ အင်မတန် ရင်းနှီး ကျွမ်းဝင်တဲ့ ဦးပဉ္ဇင်းတစ်ပါး တစ်နေ့မှာရောက်လာပြီး မာကြောင်း သာကြောင်း မေးပါတယ်။ ပြီးတော့မှ တိုင်ပင်ချင်တာလေးတစ်ခု ရှိပါတယ်။ ဆရာ ပြန်မပြောပါနဲ့။ မောနေပါ့မယ်။ ဦးပဉ္ဇင်း ပြောတာပဲ နားထောင်ပေးပါလို့ ပြောပါတယ်။

ကျောင်းကလေး ပိတ်မှာစိုးလို့

ဦးပဉ္ဇင်းက ပရဟိတ စိတ်ထက်သန်မှု အင်မတန် ကြီးပါတယ်။ ချင်းတောင်သွားပြီး ဘုန်းတော်ကြီးသင် ပညာရေးကျောင်းကိုလည်း လုပ်ခဲ့ဖူး တယ်။ အခုလည်း ပရဟိတကျောင်းလေးတစ်ကျောင်း ပိတ်ထားရတော့မလို ဖြစ်နေလို့ အကြံဉာဏ်လာတောင်းတာပါ။ ကျောင်းလေးက ဆရာတော်တစ်ပါး စတင်တည်ထောင်ခဲ့တာ ဖြစ်ပါတယ်။ တည်ထောင်သူ ဆရာတော်ရဲ့ ကြိုးပမ်းအားထုတ်မှုကြောင့် ကျောင်းသူ ကျောင်းသား ၁၂၀ လောက်အထိ တက်ရောက် သင်ကြားနေကြတယ်။ သူငယ်တန်းက ရှစ်တန်းအထိ အရွယ်စုံရှိ တယ်။ ဆရာ၊ ဆရာမ ငါးယောက်ကိုလည်း ဆရာတော်က လစဉ် တတ်နိုင်သမျှ ထောက်ပံ့ခဲ့တယ်။ ရွာကလည်း တတ်စွမ်းသမျှ စာအုပ်၊ ဘောပင်၊ ခဲတံကအစ ဝေယျာဝစ္စတွေ ကူညီပါတယ်။ ဒါပေမယ့် အများစုက မချောင်လည်ကြ တာ ဆရာတော်ကိုပဲ အလုံးစုံ အားကိုးနေကြရတယ်။

https://www.facebook.com/pages/မြန်မာ-စာအုပ်များ/532587203419984

http://myanmarebooksfree.blogspot.com/



**စာမေးပွဲတွေ နီးခါမှ**

ဖြစ်ချင်တော့ ဆရာတော်က ရုတ်တရက် အမှတ်မထင် ပျံလွန်တော်မူသွားတယ်။ ကျောင်းအကျိုးတော်ဆောင်အဖွဲ့က ကြိုးစားပြီး ထိန်းသိမ်းပေမယ့် အလှူငွေရှာနိုင်တဲ့ဆရာတော် မရှိတော့ဘူးဆိုတော့ အခက်တွေ့လာတယ်။ ဇန်နဝါရီ၊ ဖေဖော်ဝါရီ နှစ်လအတွက် ဆရာ၊ ဆရာမတွေကို ထောက်ပံ့ငွေ ပေးဖို့တောင် မရှိတော့ဘူး ဖြစ်လာတယ်။ မလွဲမရှောင်သာ ကျောင်းပိတ်လိုက်ရတော့မယ်။ ဒီအချိန်မှာ ပရဟိတလုပ်ငန်း စိတ်ထက်သန်သူ ဦးပဥ္စင်းနဲ့ တွေ့ခဲ့ကြရတာဖြစ်တယ်။ ဦးပဥ္စင်းက စာမေးပွဲ တွေနီးခါမှ မပိတ်လိုက်ကြပါနဲ့ဦး။ နည်းလမ်းရှာပါဦးမယ်လို့ပြောပြီး လာရောက်တိုင်ပင် တာပါ။

**တက္ကသိုလ်ရောက် ၁၂ ယောက်**

ပထမတော့ ဦးပဥ္စင်းက အဲဒီရွာနဲ့ ခုနစ်မိုင်အကွာလောက်မှာရှိတဲ့ မြို့မှာ ဆေးခန်းဖွင့်ထားတဲ့ ဆရာဝန်တစ်ဦးနဲ့ အရင်တိုင်ပင်ပါတယ်။ ဆရာဝန်က အပြည့်အဝတော့ မတတ်နိုင်လို့ လစဉ် ငွေတစ်သိန်း လှူပါမယ်လို့ စေတနာ သဒ္ဓါတရား ထက်သန်စွာနဲ့ တာဝန်ယူလိုက်တယ်။ ဦးပဥ္စင်းက အားတက်သွားပြီး ဆက်ရှာဖို့ သန္နိဋ္ဌာန်ချလိုက်တယ်။ အဲဒီနောက်ပိုင်း တိုင်ပင်နေကျ ဖြစ်တဲ့အတိုင်း အရင်ဆုံး လာရောက်တိုင်ပင် အကြံတောင်းတယ်။ ကျောင်းနဲ့ ကလေးတွေရဲ့ ဓာတ်ပုံတွေလည်း ပြတယ်။ ဒီကျောင်းလေးကနေ တစ်ဆင့် တက်ပြီး ဆယ်တန်းအောင်လို့ တက္ကသိုလ်ပညာ ဆက်လက်ဆည်းပူးနေတဲ့ ကျောင်းသူကျောင်းသားတွေရဲ့ စာရင်းလည်း ယူလာတယ်။ စုစုပေါင်း ၁၂ ယောက် ရှိတယ်။ ဒီကျောင်းကလေးသာ မရှိရင် ဒီကလေးတွေ ဘယ်ဆယ်တန်း အောင်နိုင်မှာလဲ။

**စိတ်မကောင်းဖြစ်**

ကျောင်းကလေးကို တည်ထောင်သွားတဲ့ ဆရာတော်က တော်တော်ကို ကြိုးစားပမ်းစား ဆောင်ရွက်သွားခဲ့တာ ဖြစ်တယ်။ ကျောင်းကလေးက သပ်သပ်ရပ်ရပ် လုပ်နေတယ်။ အရွယ်စုံကလေးတွေကလည်း ပြုံးရွှင်လန်းဆန်း နေကြတယ်။ ကလေးတွေရဲ့ ဓာတ်ပုံတွေကြည့်ရင်း စိတ်မကောင်း ဖြစ်လာတယ်။

https://www.facebook.com/pages/မြန်မာ-စာအုပ်များ/532587203419984

http://myanmarebooksfree.blogspot.com/



ဒီကလေးတွေ ဒီလိုဆက်ပြီး ပြုံးထူး ပျော်ရွှင်နိုင်ကြပါဦးတော့မလား။ တမေးပွဲနီးလာမှ ကျောင်းပိတ်လိုက် ရရင် ကလေးတွေ တမေးပွဲ ဘယ်လိုဖြေနိုင်ကြတော့မှာလဲ။ ကိုယ်တိုင် သင်တန်းကျောင်းလေးဖွင့်ပြီး တသင်နေစဉ်ကလည်း ဒီလိုကိစ္စမျိုးတွေ မကြာခဏ ကြုံခဲ့ရတယ်။ အဲဒီတုန်းကတော့ သိပ်မပူရဘူး။ ကိုယ့် ကျောင်းသူ ကျောင်းသားတွေကို ပြောပြလိုက်ရုံနဲ့ တစ်ယောက်တစ်လက် ဝိုင်းဝန်းကူညီလိုက်ကြတာနဲ့ အားလုံး အဆင်ပြေသွားတာပဲ။

## အကြံပေးရုံနဲ့ မပြီးတော့

အခုတော့ ကိုယ်ကလည်း ကျန်းမာရေးမကောင်းတော့ ကျောင်းဖွင့်၊ တသင် မလုပ်နိုင်တော့ဘူး။ ကျောင်းသူ ကျောင်းသားတွေ မရှိတော့ ဘာပြစ်ပြစ် တစ်ယောက်တည်းပဲ ဖြေရှင်းရတော့တယ်။ အခု ကျောင်း ကလေးကိစ္စမှာလည်း ဦးပဥ္စင်းက လာပြီးအကြံတောင်းရုံသက်သက်ပါပဲ။ ဒါပေမယ့် ဒီတိုင်းလို အကြံပေးလိုက်ရုံနဲ့ မပြီးဘူး။ လာပြောတာက ဒီဇင်ဘာလ။ ဇန်နဝါရီနဲ့ ဖေဖော်ဝါရီအတွက် ပေးစရာလခ မရှိတော့ဘူး။ ဒီတော့ ရက်ပိုင်းလေးအတွင်း ကျောင်းပိတ်ရတော့မယ့် အခြေအနေ ဖြစ်နေပြီ၊ နောက်ဆုံးကျတော့ နောင်ကိစ္စ နောင်မှစဉ်းစား။ ခုလောလောဆယ် ကျောင်းကလေး မပိတ်ရဖို့အတွက် နောက်ဆုံး နှစ်လစာအတွက်တော့ တပည့်တော်ပဲ တာဝန်ယူလိုက်မယ်။ ဒီနှစ်လပြီးရင် နွေရာသီကျောင်းပိတ်ရက်ဆိုတော့ အဲဒီအချိန်ကျမှ ဆက်ပြီး တိုင်ပင်ကြတာပေါ့လို့ ပရဟိတ ဦးပဥ္စင်းကို အာမခံလိုက်ရတယ်။

## မေးခွန်းတွေ အစီအရီ

ဦးပဥ္စင်းလည်း ဝမ်းသာအားရဖြစ်ပြီး မနက်ဖြန်ပဲ ရွာကိုသွားပြီး ပြောပြမယ်။ ရွာကလူတွေရော၊ ကလေးတွေရော ဝမ်းသာကြမှာပဲလို့ ပြောပြတယ်။ သူပြန်တော့ ခြေလှမ်းတွေ ပေါ့ပါးသွက်လက်နေတာကို တွေ့လိုက်ရတယ်။ ကိုယ်တိုင်လည်း နေရင်းထိုင်ရင်း ကုသိုလ်ရလိုက်လို့ ဝမ်းသာမိပါတယ်။ ညဘက် အိပ်ရာထဲရောက်တော့ ဒီကိစ္စကို ဆက်ပြီး တွေးမိတယ်။ နောက်စာသင်နှစ်မှာ ဘယ်လို ဆက်လုပ်ရမလဲ၊ ကိုယ်က ဘယ်အတိုင်းအတာအထိ ကူညီနိုင်မှာလဲ၊ ဒီလို အလှူငွေကိုပဲ အားကိုး ပြီး ဘယ်လောက်ကြာကြာ ဆက်သွားနိုင်မှာလဲ၊ တခြား ဘယ်နည်းနဲ့ ဖြေရှင်းရင်

https://www.facebook.com/pages/မြန်မာ-စာအုပ်များ/532587203419984

http://myanmarebooksfree.blogspot.com/



ဖြစ်နိုင်မလဲ စတဲ့မေးခွန်းတွေ ခေါင်းထဲကို တစ်ခုပြီးတစ်ခု အစီအရီ ဝင်ရောက်လာကြတယ်။

## ဘီလ်ဂိတ်မောင်နှံအလှူ

တွေးရင်းတောရင်းနဲ့ အိပ်ရာမဝင်ခင် ကြည့်ခဲ့တဲ့ နိုင်ငံတကာ သတင်းတွေထဲမှာ ဆင်းရဲမွဲတေမှုပပျောက်ရေးနဲ့ ကပ်ရောဂါဆိုးကြီးတွေ တိုက်ဖျက်ရေးအတွက် စီးပွားရေးလုပ်ငန်းရှင်ကြီးတဦးက အလှူငွေ များများထည့်ကြဖို့ ဘီလျံနာသူဌေးကြီး ဘီလ်ဂိတ်က ဆော်ဩလိုက်တာကို မျက်စိထဲ မြင်နေမိတယ်။ ဘီလ်ဂိတ်ဇနီးမောင်နှံကိုယ်တိုင်က သူတို့ချမ်းသာသမျှကို အလှူငွေထည့်ပြီး ဖောင်ဒေးရှင်းတစ်ခု ထူထောင်ခဲ့ကြတယ်။ ဒေါ်လာဘီလျံ ၅၀ လောက်ကို အခြေခံပြီး အာဖရိက တိုက်ကြီးမှာ ပံ့အောလုပ်ဆောင်နေကြတယ်။ သာဓုခေါ်မိပါတယ်။

## နှစ်ပေါင်းခြောက်ဆယ် ကျော်ခဲ့ပြီ

အငတ်ဘေး ပပျောက်ရေးနဲ့ ကပ်ရောဂါဆိုးကြီးတွေ တိုက်ဖျက်ရေးအတွက် ဒုတိယကမ္ဘာစစ်ကြီး ပြီးပြီးချင်း ဖွဲ့စည်းတဲ့ ကုလသမဂ္ဂအဖွဲ့ကြီးက အင်တိုက်အားတိုက် ဆောင်ရွက်ခဲ့တယ်။ UNDP, UNESCO, FAO, WFP စတဲ့အဖွဲ့အစည်းကြီးများနဲ့ ကမ္ဘာ့ဘဏ်နဲ့ IMF လို အဖွဲ့ကြီးတွေကလည်း ငွေဘီလျံပေါင်းများစွာ ပံ့အောသုံးရုံမက ကျွမ်းကျင်သူပညာရှင် အများအပြားကိုလည်း စေလွှတ်ပေးခဲ့တယ်။ ခုဆိုရင် နှစ်ပေါင်းခြောက်ဆယ် ကျော်ခဲ့ပြီ။ အာဖရိကတိုက်ကြီး ဝတ်မှတ်ခေါင်းပါးခြင်း ဘေးက လွတ်ကင်းသွားပြီလား။

## ဆရာများ သားသေ

အားလုံး သိကြတဲ့အတိုင်း ထူးမခြားနားပါပဲ။ အာဖရိကတိုက်ကြီးဟာ အမှောင်တိုက်ကြီးအဖြစ်က အခုထိ မလွတ်ကင်းသေးပါဘူး။ ထောက်ပံ့ပေးကမ်း လှူဒါန်းတဲ့ငွေတွေလည်း ဘီလျံတွေ ထောင်သောင်း ချီနေပါပြီ။ ဒါပေမယ့် ကြွက်တွင်းထဲ ရေလောင်းထည့်သလို ဘယ်ရောက်သွားမှန်း

https://www.facebook.com/pages/မြန်မာ-စာအုပ်များ/532587203419984

http://myanmarebooksfree.blogspot.com/



မသိအောင် ပျောက်ကွယ်သွားခဲ့ကြပါတယ်။ ပညာရှင်မျိုးစုံက သီအိုရီအမျိုးမျိုးထုတ်ပြီး လက်တည့်စမ်းခဲ့တာလည်း 'ဆရာများ သားသေ'ဆိုသလို ဆင်းရဲတွင်းထဲ ပိုပိုပြီး နစ်ဝင်သွားခဲ့ကြပါတယ်။ ဒေါ်လာတွေ ဘီလျံပေါင်းများစွာ ပေးကမ်းလှူဒါန်းခဲ့ကြတဲ့ နိုင်ငံကြီးတွေကတော့ ပေးလေလှူလေ၊ ပိုပြီးချမ်းသာလေ ဖြစ်လာတာကိုတော့ သာမန်လူတစ်ယောက်အနေနဲ့ ဉာဏ်မမီလို့ မစဉ်းစားတတ်တော့ပါဘူး။

## ကိုယ့်အားကိုယ်ကိုး

'လှူဒါန်းပေးကမ်းခြင်းဖြင့် နိုင်ငံတစ်နိုင်ငံကို မကယ်တင်နိုင်ဘူး' (Charity does not Save a nation)ဆိုတဲ့စကားကို ကြားဖူးတယ်။ မှန်တယ်လို့လည်း ယုံကြည်တယ်။ ဘာမဆို ကိုယ်လုပ်မှ ကိုယ်ရတာလို့ ခံယူထားတယ်။ 'အတ္တာဟိ၊ အတ္တနော၊ နတ္ထော'ဆိုတဲ့ ဗုဒ္ဓဘုရားရှင်ရဲ့ အဆုံးအမကို အကြွင်းမဲ့ လက်ခံထားတယ်။ အဲဒါကြောင့် ကူညီရမယ့် ကျောင်းကလေးကို အလှူရှင် မျှော်နေရတဲ့ အခြေအနေနဲ့ ရှိမနေစေချင်ဘူး။ ကိုယ့်အားကိုယ်ကိုး။ ကိုယ့်ခြေထောက်ပေါ်ကိုယ် ရပ်နိုင်စေချင်တယ်။ အဲဒီတော့ ဘယ်လိုအကြံဉာဏ်မျိုး ပေးရမလဲ။ ဦးနှောက် ခြောက်အောင် စဉ်းစားရတယ်။

## ငွေရှာရေး လုပ်နိုင်းရမလား

လစဉ် ထောက်ပံ့နေမယ့်အစား တစ်လလုံး တစ်ခါတည်း ငွေထုတ်ပြီး လစဉ် ဝင်ငွေရမယ့်လုပ်ငန်းတစ်ခု ထူထောင်ပေးမလား။ တောရွာနဲ့ လိုက်ဖက်အောင် ဝက်မွေး၊ ကြက်၊ ဘဲမွေးတာ လုပ်ပေးမလား။ ဒါလည်း မဟုတ်သေးဘူး။ ဦးဆောင်လုပ်ကိုင်နေသူက ရဟန်းတော်တွေ ဖြစ်ပြီး ပရဟိတကျောင်းလေး။ တခြားစီးပွားရေးတွေလုပ်ဖို့ စဉ်းစားတာလည်း မဟန်ပါဘူး။ သံဃာတော်တွေကို လောကီလူမှုကိစ္စတွေထဲ ဆွဲမသွင်းသင့်ဘူး။ ရွာလူကြီးတွေနဲ့ ကျောင်းကော်မတီလက်ထဲအပ်ပြီး ပရဟိတကျောင်း ရန်ပုံငွေအတွက် စီးပွားရေး လုပ်ကြပါ ပြောရင်ရော ...။ တောသူတောင်သားဆိုတာ ကိုယ့်မိသားစု တစ်ဝမ်းတစ်ခါးအတွက်တောင် အလုပ်နဲ့လက် မပြတ်အောင် လှုပ်ရှားရှန်းကန်နေကြရတာ မဟုတ်လား။ ရေရှည် ဘယ်သူမှ လုပ်နိုင်ကြမှာ မဟုတ်ဘူး။

https://www.facebook.com/pages/မြန်မာ-စာအုပ်များ/532587203419984

http://myanmarebooksfree.blogspot.com/



ဝပ်ရှော့လုပ်မှ ဖြစ်မယ်ထင်

တစ်ရွာလုံး အိမ်ထောင်စုတိုင်း စားဝတ်နေရေးအတွက် မပူမပင်ရအောင် လုပ်ပေးလိုက်မှပဲ ဖြစ်တော့မှာ။ အဲဒီတော့လည်း ပရဟိတကျောင်း ဘယ်လို အပ်တော့မှာလဲ။ ကလေးတိုင်း မြို့ကျောင်းတက် နိုင်ပြီပေါ့။ စဉ်းစားရင်း။ စဉ်းစားရင်းနဲ့ မိုးသာ စင်စင်လင်းသွားတယ်။ အဖြေကတော့ ထွက်မလာ သေးဘူး။ စတစ်ဂလစ်ဖြစ်ဖြစ်၊ ဖရိုက်မင်းဖြစ်ဖြစ် နိုင်ဘဲလ်ဆုရှင်ကြီး တစ်ယောက်ယောက်ကိုဖိတ်ပြီး ဝပ်ရှော့လုပ်မှ ဖြစ်တော့မယ် ထင်တာပါပဲ။

***Weekly Eleven***

၁၆၊ ဖေဖော်ဝါရီ၊ ၂၀၁၁။

https://www.facebook.com/pages/မြန်မာ-စာအုပ်များ/532587203419984

http://myanmarebooksfree.blogspot.com/

# ဖြူစိန်နဲ့ ဖြူစုံ

အင်တာနက်ခေတ် လူငယ်တွေကို နှစ်သက်သဘောကျတယ်။ ရင်းရင်းနှီးနှီးပေါင်းတယ်။ အထူးသဖြင့် သတင်းမီဒီယာသမား လူငယ်လေးတွေဆိုရင် လုပ်ဖော်ကိုင်ဖက် သဘောထားပြီး ပေါင်းသင်းဆက်ဆံတယ်။ တတ်စွမ်းသမျှ အားပေးကူညီတယ်။

## ပိုင်းခြားစိတ်ဖြာ သုံးသပ်ရ

သတင်းသမားလူငယ်တွေ သိချင်လို့ မေးလာသမျှ အိတ်သွန် ဖာမှောက် ပြောပြတယ်။ ကိုယ်မသိရင် လမ်းညွှန်တယ်။ သတင်းတစ်ပုဒ်၊ ဆောင်းပါးတစ်ပုဒ်အတွက် အင်တာဗျူးပါရစေဆိုလည်း လိုက်လျောပေးခဲ့တယ်။ ဒါပေမယ့် တစ်ခါတလေ စိတ်ပျက်စရာကောင်းတဲ့ လူငယ်မျိုး တွေ့ရတော့လည်း မနည်းကို အောင့်အီးသည်းခံရတယ်။ စိတ်ရှိတိုင်းသာဆို ကိုင်ဆောင့်တောင် ပစ်လိုက်ချင်တယ်။

သတင်းမီဒီယာလောကမှာ လုပ်ကိုင်နေကြတဲ့ လူငယ်လေးတွေဟာ အများအားဖြင့် တခြားရွယ်တူတန်းတူ လူငယ်တွေထက် ဗဟုသုတ နေရာမှာ ပိုပြီး နံ့နံ့စပ်စပ်ရှိကြတယ်။ ဝေဖန်ဆန်းစစ်နိုင်စွမ်းလည်း ပိုရှိကြတယ်။ သတင်းလုပ်ငန်းရဲ့ သဘောသဘာဝက ဟိုစပ်စပ်၊ ဒီစပ်စပ်နဲ့ ဘာမဆို နည်းနည်းစီတော့ သိထား၊ တတ်ထားရပြီး သတင်း အဖြစ်အပျက် မှန်သမျှကို ဘက်စုံထောင့်စုံက ပိုင်းခြားစိတ်ဖြာ သုံးသပ်ရတဲ့ အလေ့အကျင့်ကြောင့်ပဲ ထင်ပါတယ်။

## အားနာစရာကောင်းအောင် ညံ့ကြတယ်

ဒါပေမယ့် တစ်ခါတလေ နေရာမှားပြီး ရောက်လာသူတချို့နဲ့ တွေ့ရ

https://www.facebook.com/pages/မြန်မာ-စာအုပ်များ/532587203419984

http://myanmarebooksfree.blogspot.com/



တော့လည်း လူငယ်တွေအပေါ် အကောင်းမမြင်နိုင်လောက်အောင်ကို ညံ့ကြတာ။ သတင်းသမားတစ်ယောက် ဖြစ်နိုင်တဲ့ အရည်အချင်း၊ နည်းနည်းလေးမှကို မရှိဘူး။ ဒါပေမယ့် သိပ်ပြီး စိတ်အားထက်သန်နေတာ မြင်ရတော့လည်း လေ့လာပါ၊ စာများများဖတ်ပါဆိုတဲ့ အားပေးစကားမျိုးပဲ တွင်တွင်ပြောမိတယ်။

## စာပေဗိမာန်ကို မသိ

ဒီလိုပြောရတာလည်း အာပေါက်မတတ် ရှိနေပါပြီ။ အကြောင်းမထူးပါဘူး။ ဂျာနယ်သတင်းသမား လုပ်နေပြီး စာမဖတ်တာကတော့ ဘယ်လိုမှ ခွင့်လွှတ်ချင်စရာ မကောင်းဘူး။ စာမဖတ်တော့ ဘာမှ မသိကြဘူး။ သူတို့ ဘာမှ မသိဘူးဆိုတာတောင် မသိကြဘူး။ ဒီတော့ ဘယ်လိုလုပ်ပြီး တိုးတက်လာတော့မှာလဲ။ လူငယ်တွေကို သိပ်ပြီး ဖြစ်စေချင်တာ။ အစွမ်းကုန် ကူညီအားပေးတယ်။ ဒီမနက် တွေ့ရတဲ့ တစ်ယောက်နဲ့ကျတော့ တော်တော့်ကို စိတ်ဓာတ်ကျသွားတယ်။ စာပေဗိမာန် ဆိုတာတောင် ဘာမှန်းမသိဘူးတဲ့။ ဖတ်သင့်တဲ့ စာအုပ်ကလေးတွေ လမ်းညွှန်ရင်းနဲ့ စာပေဗိမာန်မှာ သွားရှာပါလို့ ပြောလိုက်တော့ စာပေဗိမာန်ဆိုတာ ဘာလဲလို့ပြန်မေးတယ်လေ။ အိမ်နဲ့ ခဲတစ်ပစ်လောက်သာဝေးလို့ အသေအချာ လမ်းညွှန်ပေးလိုက်ရတယ်။

## စွယ်စုံကျမ်း ဖတ်ဖူးဟန်မတူ

နယ်ကဆိုပေမယ့် ရန်ကုန်ရောက်တာ ငါးနှစ်လောက် ရှိပြီ။ ဂျာနယ်တိုက်မှာ သတင်းထောက်လုပ်နေတာပဲ တစ်နှစ်ကျော်ပြီ။ ဘွဲ့လည်း ရပြီးပြီ။ စာပေဗိမာန်ဆိုတာ လောက်တော့ သိရမှာပေါ့။ မြန်မာ့စွယ်စုံကျမ်းကို တစ်ခါလောက် ကိုင်ကြည့်ဖူးရင်တောင် စာပေဗိမာန်ဆိုတဲ့ နာမည်ကို ကြားဖူးရမယ်။ စွယ်စုံကျမ်းကိုလည်း ဖတ်ဖူးဟန် မတူပါဘူး။ ဒါနဲ့တောင် ဘယ်လိုလုပ်ပြီး သတင်းသမား လုပ်နေတာပါလိမ့်။ သူ့ကိုတစ်ခါမှ မတွေ့ဖူးပါဘူး။

ဒီမနက်ရောက်လာမှ မြင်ဖူးတယ်။ သူ့ဂျာနယ်တိုက်က အင်တာဗျူးသွားလုပ်ခိုင်းလို့ ရောက်လာတာ။ ဒီမိုကရေစီခေတ် သတင်းမီဒီယာရဲ့ အခန်းကဏ္ဍကို ပြောပြပါတဲ့။ မေးခွန်းလည်း မမေးတတ်ဘူး။ သနားလို့ ကိုယ်ကပဲ ဦးဆောင်ပြီး ပြောသင့်ပြောထိုက်တာတွေကို ပြောလိုက်ရတယ်။

https://www.facebook.com/pages/မြန်မာ-စာအုပ်များ/532587203419984

http://myanmarebooksfree.blogspot.com/



### အိမ်စာ လုပ်ရမယ်

ပြန်ခါနီး မေးသွားတဲ့မေးခွန်းကိုလည်းကြည့်ဦး။ လူထုစိန်ဝင်းဆိုတဲ့ နာမည်က လူထုဆိုတာ ဘာလဲတဲ့။ သေဟဲ့ နန္ဒီယလို့ပဲ နဖူးကို လက်ဝါးနဲ့ ရိုက်လိုက်ချင်တော့တယ်။ လူထုဆိုတာ သတင်းစာပေါ့လို့ ဖြေလိုက်တော့ အခုထိ လုပ်နေတုန်းပဲလားတဲ့လေ။ သူ့အသက်က အလွန်ဆုံးရှိမှ အစိတ် လောက်ဆိုတော့ လူထုသတင်းစာကို သိရမယ်လို့ မဆိုလိုပါဘူး။ လူထုသတင်းစာ ပိတ်သွားတာက ၁၉၆၇ ခုနှစ်ဆိုတော့ သူ့အမေနဲ့ အမေ တောင် အိမ်ထောင်ကျချင်မှကျဦးမှာ။ ဒါပေမယ့် သတင်းထောက်ဆိုတာ လူတစ်ယောက်ကိုတွေ့ပြီး အင်တာဗျူးလုပ်တော့မယ်ဆိုရင် ပထမဆုံး အိမ်စာ (home work)တော့ လုပ်ရမယ် မဟုတ်ဘူးလား။ ကိုယ် သွားတွေ့မယ့်လူရဲ့ အကြောင်းကို အကြမ်းဖျင်းလေးတော့ သိထားအောင် လေ့လာစူးစမ်း ထားရမှာပေါ့။

### ဘယ်သူ့အပြစ်လဲ

အခုတော့ ဘာမှမသိတဲ့ လူတစ်ယောက်ဆီကို လာပြီးတော့ သူ ဘာမှမသိတဲ့ အကြောင်းအရာတစ်ခုကို မေးတယ်လေ။ လွှတ်လိုက်တဲ့ အယ်ဒီတာကိုပဲ အပြစ်တင်ရမလား။ ဒီလူငယ်ကိုပဲ အပြစ်တင်ရမလား စဉ်းစားလို့မရဘူး။ သတင်းထောက်လုပ်တာ တစ်နှစ်ကျော်ပြီ။ အိမ်စာ လုပ်ရမယ်ဆိုတာ နားမလည်ဘူးဆိုတော့ သူ့ အယ်ဒီတာတွေက သွန်သင် ညွှန်ပြ မလုပ်လို့ဘဲလို့ ကောက်ချက်ချလိုက်မိတယ်။ ပြောရင် ကျွဲမြီး တိုကြလိမ့်မယ်။ ခုခေတ် အယ်ဒီတာ အတော်များများကလည်း 'မြွေပိနဲ့ မြိုတုံ'ပဲ။ ဒီသတင်းထောက်လေးနဲ့ သိပ်ကွာခြားလှတယ် မဟုတ်ဘူး။

### သမိုင်းနဲ့ ပထဝီလည်း သိဖို့လို

သတင်းထောက်၊ အယ်ဒီတာလုပ်တယ်ဆိုတာ ကုန်စည်ဒိုင်တွေ လျှောက်သွားပြီး ကုန်ဈေးနှုန်းမေးရုံလောက်၊ ဘခြောက်လုံးနဲ့ညီအောင် မေးတတ်ရုံလောက်၊ သတင်းပထမပိုင်းကို ဘယ်လိုရေးရမယ်ဆိုတာ သိရုံလောက်နဲ့ ပြီးတာမဟုတ်ဘူး။ တစ်ပတ်၊ နှစ်ပတ် ရက်တိုသင်တန်း လေး တက်ရုံနဲ့လည်း တတ်သွားတာမဟုတ်ဘူး။ ဝမ်းစာတွေ အများကြီး ပြည့်အောင် ဖြည့်ထားဖို့ သိပ်အရေးကြီးတယ်။ သမိုင်းအကြောင်း သိဖို့ လိုသလို ပထဝီလည်းသိဖို့ လိုတယ်။ ချီဖွေသောခေါင်ဘက်မှာ လျှင်

https://www.facebook.com/pages/မြန်မာ-စာအုပ်များ/532587203419984

http://myanmarebooksfree.blogspot.com/



လှုပ်တယ်ဆိုတဲ့ သတင်းကို ပြိုင်သတင်းထောက်ဆီလှမ်းပြီး ဖုန်းဆက်မေးရင် လူရယ်စရာဖြစ်သွားလိမ့်မယ်။

## အလိုတော်ရိက ကျေးရွာရှင်ဖြစ်

ဘောဂဗေဒ၊ ဓါတုဗေဒ ဘာသာရပ်တွေနဲ့ ဘွဲ့ရခဲ့တာ မဟုတ်ပေမယ့် ငွေကြေးအကြောင်း။ ဘဏ်အကြောင်း။ စတော့ရှယ်ယာအကြောင်း။ ကုန်သွယ်ရေးအကြောင်း အခြေခံလောက်ကတော့ သိထား။ လေ့လာထားရမယ့် နိုင်ငံရေးကြောင်းဆိုရင်လည်း အနည်းဆုံး ပါတော်မူသီချိန်ကစပြီး ဒီနေ့အထိ နိုင်ငံရေးဖြစ်စဉ် အဆင့်ဆင့်ကို လေ့လာသိရှိ ထားရမယ်။ ထင်ရှားတဲ့ နိုင်ငံရေးခေါင်းဆောင်များအကြောင်းကိုလည်း နိုက်နိုက်ချွတ်ချွတ် ရနိုင်သမျှ ရှာဖွေလေ့လာရမယ်။ အဲဒီလို လေ့လာမှု မရှိခဲ့တဲ့အတွက် ဂျာနယ်တွေမှာ ကင်ပေတိုင်စကားပြန်ကို တော်လှန်ရေး သူရဲကောင်းအဖြစ် အမွှမ်းတင်တာမျိုးတွေ၊ နယ်ချဲ့အလိုတော်ရိ အမျိုးသားသစ္စာဖောက်ကို တိုင်းပြည်ရဲ့ ကျေးရွာရှင်ကြီးအဖြစ် ဂုဏ်ပြုတာမျိုးတွေ အများကြီး တွေ့နေ၊ ဖတ်နေရတာ ဖြစ်တယ်။

## စာကြည့်တိုက် ရှိရဲ့လား

ဒီလို ကမောက်ကမအဖြစ်မျိုးတွေ ဂျာနယ်တွေထဲ ပါလာတာဟာ အယ်ဒီတာတွေ စာမဖတ်လို့ပဲ ဖြစ်တယ်။ အယ်ဒီတာတွေက စာမဖတ်တော့ သတင်းထောက်တွေကို ဘယ်လိုလုပ်ပြီး မှန်မှန်ကန်ကန် လမ်းညွှန် မှု ပေးနိုင်တော့မှာလဲ။ ဂျာနယ်ပေါင်း ၁၇၀ လောက်ရှိတဲ့ ဒီအချိန်မှာ သတင်းထောက်တွေ၊ အယ်ဒီတာတွေ လေ့လာဖတ်ရှု မှီငြမ်းပြုစရာ စာကြည့်တိုက်ကောင်းကောင်းထားပေးတဲ့ ဂျာနယ်တိုက် ၇ တိုက်တောင် ရှိပါ့မလားလို့ သံသယ ဖြစ်မိတယ်။ စာကြည့်တိုက်မရှိရင် သတင်းစာတိုက်၊ ဂျာနယ်တိုက်လို့ မခေါ်ထိုက်ဘူးလို့ပဲ ပြောချင်ပါတယ်။

*The Hot News* ၁၁၊ ဖေဖော်ဝါရီ၊ ၂၀၁၁။

https://www.facebook.com/pages/မြန်မာ-စာအုပ်များ/532587203419984

http://myanmarebooksfree.blogspot.com/




https://www.facebook.com/pages/မြန်မာ-စာအုပ်များ/532587203419984